# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၄)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၃–၁၁–၂၀၂၄၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ စာမျက်နှာ ၃ သို့ ❍

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်မသုံးရဥပဒေကြမ်း အလုပ်သမားပါတီက ဩစတြေးလျပါလီမန်သို့ တင်သွင်း စာမျက်နှာ ၁၀

နည်းပြ ဂွါဒီယိုလာ မန်ချက်စတာစီးတီးအသင်းနှင့် ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို စာမျက်နှာ ၁၁

သင်္ဂဟချောင်းကို ပြတ်ကူးထားသော ရှေးဟောင်းသစ်သားတံတားများ စာမျက်နှာ ၁၄

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဆေးရုံတက်ရောက်ကုသနေသောလူနာများကို ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးမှ ဝန်ထမ်းများအား တွေ့ဆုံပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများကို တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ဆေးကုသမှုဝန်ဆောင်မှုကို ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများ၊ အတွင်းလူနာအဖြစ် ကုသပေးသည့် ကုသဆောင်များ၊ ကျောက်ကပ်သန့်စင်ဆေးကြောနေသည့် လူနာဆောင်သို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံ အလုပ်သမားဦးရေ ၁၂၃၄၄၅ ဦးကျော်ရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မန္တလေးအလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ ဌာနကြီးဆေးခန်း ကိုးခန်း၊ စာချုပ်ဆေးခန်း ခုနစ်ခန်းတို့ဖွင့်လှစ်၍ ဧပြီလမှ အောက်တိုဘာလအထိ အာမခံအလုပ်သမားလူနာပေါင်း ၆၉၉၁၀ ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် Free For Service Payment ဆေးခန်း ၆၃ ခန်း၊ Capitation Payment ဆေးခန်း ရှစ်ခန်းနှင့် မီးဖွားခြင်းနှင့်ဆိုင်သော ဆေးရုံ/ဆေးခန်း ၁၆ ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလမှ အောက်တိုဘာလအထိ လူနာဦးရေ ၄၄၇၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၄၆၃ ဒသမ ၄၀၈ သန်း ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(သတင်းစဉ်)

၀-၀-၀-၀-၀

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"ကို ယနေ့ နံနက် ၉ နာရီက အမှတ် (၂၆)အခြေခံပညာအထက်တန်းကျောင်းရှိ တကောင်းသစ္စာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးမျိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့် ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။ အခမ်းအနားပြီးနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ချမ်းမြေ့)



## ချမ်းမြသာစည်ပညာရေးမှူးရုံးသို့ အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်းက လေဆာပရင်တာ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ပညာရေးမှူးရုံးတွင် အသုံးပြုနိုင်ရန်အတွက် လေဆာပရင်တာတစ်လုံးအား အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း (မြို့သစ်၊ ချမ်းမြသာစည်မြို့နယ်)က ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း(မြို့သစ်၊ ချမ်းမြသာစည်မြို့နယ်)မှ ကျောင်းအုပ်ချုပ်မှုကော်မတီဝင် ဦးကျော်လှ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမူနှင့် ကြီးကြပ်ရေးမှူး ဦးဘဦးတို့က ငွေကျပ် ကိုးသိန်းရှစ်သောင်းတန်ဖိုးရှိ Canon လေဆာပရင်တာတစ်လုံးအား ပေးအပ်လှူဒါန်းရာ ချမ်းမြသာစည်မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး(စီမံ) ဦးထွန်းမင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး(ပညာ) ဦးရေခဲတို့က လက်ခံရယူကာ မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

---

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက် ၊ စနေနေ့။

မန္တလေးနေ့စဉ်

## သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားခဲ့မှုအပေါ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများကို မှတ်တမ်းတင်ဂုဏ်ပြုပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအောက် ဦးစီးဌာနအလိုက် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ မတ်လကုန်အပြီး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသဖြင့် ဦးစီးဌာနများအနေဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် သမဝါယမဦးစီးဌာနက ရေဘေးသင့်ဒေသရှိ သမဝါယမအသင်းသားပြည်သူများအတွက်သီးနှံအလိုက်မျိုးများ၊ သွင်းအားစုများ၊ ချေးငွေများပံ့ပိုးပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဝင်ငွေတိုးသင်တန်းများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင်သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် သမဝါယမလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနကလည်း ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါကြောင်း၊ သဘာဝဘေးဖြစ်စဉ်ဆိုသည်မှာ အချိန်အခါမရွေး ဖြစ်ပွားနိုင်သည့်အတွက် ကြိုတင်မျှော်မှန်းတွေးဆကာ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ခံတည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဦးမော့လာစေရေးအတွက် လိုအပ်သည့်အရင်းအနှီးများ၊ ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ရာနှုန်းပြည့်နီးပါးဆောင်ရွက်နိုင်နေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသီချင်းများ၊ သရုပ်ဖော်အကများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။

## မြန်အောင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မြန်အောင် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင် အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မြို့နယ်အဆင့် အသိပညာပေးဟောပြောပွဲနှင့် သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ထန်းသုံးပင်အထကကျောင်းအုပ်ကြီး ဦးဝင်းချိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်က မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးကျော်ဇင်ထိုက်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေးဆိုင်ရာများ၊ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၂၆၅ ဦး တက်ရောက်ကြကြောင်း သိရသည်။



ရောဦးသာ (မြန်အောင်)

# ပြည်သူများရဲ့မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေဖို့နဲ့ လူတိုင်းလက်လှမ်းမီ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးရရှိစေဖို့အတွက် တိုင်းရင်းဆေးသမားတော်များနဲ့ လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍကနေ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )



အားလုံးမင်္ဂလာပါ။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ဆေးပညာကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမြှင့်တင်နိုင်သူများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွေကို ၂၀၀၀ ပြည့်နှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၂၃)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခုနှစ်ညီလာခံကို **"တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်" "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်" "အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်" "မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်"** ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပသွားမယ်လို့ သိရပါတယ်။ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးနေရခြင်းက မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ထိထိရောက်ရောက် စောင့်ရှောက်ကုသမှုပေးခဲ့ကြတဲ့ အစဉ်အလာအတိုင်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို မိမိနိုင်ငံရဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်ဟာ အဓိကကျပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနဲ့သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပုံဖော်စွမ်းဆောင်နိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေဖို့နဲ့ လူတိုင်းလက်လှမ်းမီ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးရရှိစေဖို့အတွက် တိုင်းရင်းဆေးသမားတော်များနဲ့ လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍကနေ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်တဲ့ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယ ဆိုတဲ့ နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ ကုထုံးများ၊ စာပေမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေးသားခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်တွေနဲ့ ဆေးကျမ်းတွေဟာ တန်ဖိုးအလွန်ကြီးမားပါတယ်။ ဒါ့ကြောင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းမျှဝေပေးဖို့နဲ့ ပိုမိုတိုးတက်လာစေဖို့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးတွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

ဒီနှစ် နှီးနှောဖလှယ်ပွဲမှာ စာတမ်း(၁၃)စောင်ကို ဖတ်ကြားသွားမယ်လို့ သိရပါတယ်။ အဲဒီစာတမ်းတွေမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဆေးဝါးတွေ၊ ကုထုံးတွေ ပါဝင်နေတာ တွေ့ရှိရတဲ့အတွက် တိုင်းရင်းသားတွေ လက်တွေ့အသုံးပြုနေတဲ့ အဆိုပါဆေးဝါးတွေနဲ့ ကုထုံးတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ အလေးထားမှာကြားလိုပါတယ်။

ဆက်လက်ပြီးတော့လည်း အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းတဲ့၊ အကျိုးအာနိသင်ရှိတဲ့ တိုင်းရင်းဆေးဝါးတွေကို အများပြည်သူသုံးစွဲနိုင်ဖို့အတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းတွေကိုပိုမိုဆောင်ရွက်ပြီး မှတ်တမ်းတင်ထားရှိဖို့ လိုပါတယ်။ ဆောင်ရွက်ပြီး သုတေသနတွေကို မှတ်ကျောက်တင်နိုင်ဖို့အတွက် နှစ်စဉ်စာတမ်းဖတ်ပွဲတွေကို ကျင်းပပေးခဲ့ရာမှာ ယခုနှစ်မှာ (၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ကျင်းပနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသမားတော်တွေ သုတေသနပညာရှင်တွေ၊ ဆေးဝါးပညာရှင်တွေ၊ နှီးနွှယ်ပညာရှင်တွေနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေ အားလုံးတို့က မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပြုလုပ်ခဲ့တဲ့ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဆောင်ရွက်ခဲ့မှုတွေကို မှတ်တမ်းစာအုပ်အဖြစ် ပြုစုထားတာ တွေ့ရလို့ ဝမ်းသာမိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတကာကို ပညာသင်များစေလွှတ်ပြီး နည်းပညာများသင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနဲ့ လိုက်လျောညီထွေ ပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေ လုပ်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နဲ့ တရုတ်နိုင်ငံ ယူနန်တိုင်းရင်းဆေးတက္ကသိုလ်တို့ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ တိုင်းရင်းဆေးပညာနဲ့ ပါဝင်အားဖြည့်နိုင်ဖို့အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထားပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။ နိုင်ငံတော်ရဲ့ အားပေးမှုနဲ့အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို အစဉ်အမြဲစောင့်ရှောက်ပေးနေတာ တွေ့ရပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်နဲ့ ကပ်ရောဂါများ တွေ့ကြုံရင်ဆိုင်လာရင်လည်း ပြည်သူကို တိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်ကူညီပေးနေတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တိုးတက်ကောင်းမွန်လာတဲ့ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြုပြီး (MSME) စက်မှုလုပ်ငန်းတွေကို အားပေးဆောင်ရွက်ရေးနဲ့ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးကုန်ကြမ်းတွေကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်ကုန်တွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး MSME လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာ မဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိ ဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာအဆိုအရ သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းနိုင်စေဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးနည်းစနစ်နဲ့အညီ ပြုမူနေထိုင်စားသောက်ရင် ကျန်းမာခြင်းအကျိုးရရှိမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေက ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆေးကုသခြင်းနဲ့အတူ ပြည်သူလူထုကို တိုင်းရင်းဆေးပညာနည်းစနစ်တွေ နေ့စဉ်မျှတစွာ ပြုမူနေထိုင် စားသောက်တတ်ကြစေဖို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာတွေ့ရတဲ့အတွက် ဝမ်းသာကျေနပ်အားရမိပါတယ်။ ယခုထက်ပိုမိုပြီး ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ အရှည်တည်တံ့စွာ စောင့်ရှောက်နိုင်ပြီး ပြည်သူတွေအနေနဲ့လည်း တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည်လေးစား အားကိုးအားထားပြုနိုင်ကြစေဖို့ ဖြစ်ပါတယ်။ ဒီလို ရည်မှန်းချက်နဲ့တွေ့ဆုံကြတဲ့ ဒီညီလာခံကြီးမှာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနတွေက ပညာရှင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းဆေးပညာရှင်များ ချစ်ခင်ရင်းနှီးစွာဖြင့် စုပေါင်းညီညာတိုင်ပင်ဆွေးနွေး နှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာနဲ့ ပိုမိုတိုးမြှင့် စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်) သောကြာနေ့]

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဤအစည်းအဝေးတွင် လောကဓံ၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရသည့်အခါ ယောနိသောမနသိကာရ ထားတော်မူနိုင်ကြရန် အကြောင်းအားလျော်စွာ လျှောက်ထားလိုပါသည်ဘုရား။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏ သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သမ္မုတိရ သံဃာ့ကိုယ်စားလှယ်(၁၂၁၈)ပါးတို့ တက်ရောက်တော်မူကြသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာ့ဝင်မှတ်တမ်းများကိုပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့် ဝိနည်းဓိုရ်များကို ဖွဲ့စည်းရွေးချယ်နိုင်ခဲ့ကြပါသည် ဘုရား။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းသို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အားသွန်ခွန်စိုက် အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ အငြ္ဂမအကြိမ်သက်တမ်းတိုင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အနေဖြင့် ဖြတ်သန်းခဲ့သော ကာလများအတွင်း သာသနပစ္စတ္ထိက-သာသနာ့ရန်စွယ် အန္တရာယ်များ၊ သာသနာ့အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှား တားဆီးနိုင်ခြင်း၊ ပရိယတ္တိစာမေးပွဲအသီးသီးကို စဉ်ဆက်မပြတ် ကျင်းပနိုင်ခဲ့ခြင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"ဟူသော မူအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနားယူ အစားထိုး လုပ်ငန်းများကိုလည်း အကြိမ်အလိုက် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစီမံချက်၊ ဓမ္မဝိနယများနှင့်အညီ မပျက်မကွက် အစားထိုးရွေးချယ် ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။ လာမည့် ၂၀၂၅ ခုနှစ်တွင်လည်း သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူအစားထိုး ရွေးချယ်ပွဲများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ရာ ၁၆-၇-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အငြ္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးက သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူ အစားထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် "၂၀၂၅ ခုနှစ် သံဃနာယကအဆင့်ဆင့် အနားယူ အစားထိုး လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့"ကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပါသည် ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေး စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်တို့၌ ပြဋ္ဌာန်းဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များကိုသာ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိပါသည်ဘုရား။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုကရွေးချယ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို ထမ်းဆောင်နေခြင်းပင် ဖြစ်ပါသည်ဘုရား။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ဘုရားရှင်အလိုတော်ကျ ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်ဘုရား။

(အံ၊ ၃၊ ၇)

ထိုသို့ သာသနာရေးကိစ္စများကို ဆောင်ရွက်ကြရာတွင် **"အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကော စ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။ ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသော စ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ"**ဟူ၍ ဘုရားရှင်ဟောတော်မူသည့်အတိုင်း စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံ အကျော်အစောရှိခြင်း၊ အခြံအရံအကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းဟူသော လောကဓံတရား ရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက် လိုက်ပါကြမည်သာ ဖြစ်ပါသည်ဘုရား။ သတ္တဝါအပေါင်းတို့ကလည်း ဤလောကဓံတရားရှစ်ပါးတို့သို့အစဉ်တစိုက်လိုက်ပါကြမည်လည်း ဖြစ်ပါသည်ဘုရား။ ဤလောကဓံတရား ရှစ်ပါးတို့နှင့် မည်သူမျှ ကင်းကွာနိုင်ကြမည်မဟုတ်ပါ။ ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာ စံပယ်နေထိုင်တော်မူ၍ တရားချီးမြှင့်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်ကိုပင် အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြသေးသည်ဟု ဓမ္မပဒ အဋ္ဌကထာ(၃-၂၅၀)၌ ပြဆိုထားပါသည်ဘုရား။

ထို့အတူပင် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသောမူအရ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ကဲ့ရဲ့ပြစ်တင်သူများ ရှိကြသကဲ့သို့ ချီးမွမ်းဂုဏ်ပြုသူများလည်း ရှိကြပါလိမ့်မည်။ ယင်းသို့ ကဲ့ရဲ့ခံကြရ ချီးမွမ်းခံကြရသည့်အခါ လိုက်နာပြုကျင့်ရမည့်နည်းလမ်းကို ဘုရားရှင်ကိုယ်တော်မြတ်က ပေးသနားခဲ့ပါသည်ဘုရား။

"နိန္ဒာယ နပ္ပဝေဓေယျ၊ န ဥန္နမေယျ
ပသံသိတော ဘိက္ခု"

(သုတ္တနိပါတ်၊ ၄၂၃)

"ဘိက္ခု၊ ရဟန်းသည်။ နိန္ဒာယ၊ သူတစ်ပါးကဲ့ရဲ့ခြင်းကြောင့်။ နပ္ပဝေဓေယျ၊ စိတ်ဓာတ်တွန့်ဆုတ်မတုန်လှုပ်ရာ။ ပသံသိတော၊ ချီးမွမ်းခံရလျှင်လည်း။ န ဥန္နမေယျ၊ ဝမ်းသာလှုပ်ရှ မတက်ကြွရာ"ဟူသော ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်၊ ချီးမွမ်းခံရလျှင်လည်း မတက်ကြွဘဲ စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြရမည်ဟု နည်းလမ်းပေးသနားခဲ့ပါသည်ဘုရား။ ဆိုလိုသည်မှာ လောကဓံရှစ်ပါးနှင့် ကြုံဆုံရပါက လောကဓံတရားတို့၏ မောင်းနှင်ရာသို့ လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ယောနိသော မနသိကာရတရားဖြင့် စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြပြီး ရင်ဆိုင်ကြရမည်သာ ဖြစ်ပါသည်ဘုရား။

ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ ဖောက်ပြန်ပြောင်းလဲခြင်းရှိသော ဝိပရိဏာမဓမ္မများသာဟု နှလုံးသွင်းဆင်ခြင်စဉ်းစားတော်မူကြ၍ တရားစစ်တရားမှန်၏ သဘောမှန်သရုပ်သကန်ကို အမှန်အတိုင်းသိပြီးလျှင် ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုကြောင့် လိုလားနှစ်သက်တပ်မက်မှုနှင့် ကိုယ်စိတ် ညှိုးနွမ်းပင်ပန်းမှုတို့ကို ပယ်ရှားလျက် ဝဋ်ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်မှုများကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဒုတိယလောကဓမ္မသုတ် (အံ၊ ၃၊ ၇၊ ၈၊ ၉)တွင် မြတ်စွာဘုရား အကျယ်တဝင့် ဟောကြားထားတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်ဘုရား။

ထို့အပြင် ဘုရားတပည့်တော် ဖြည့်စွက်လျှောက်ထားလိုသည်မှာ "အန္ဓ ဗာလာနဉ္စ နိန္ဒာ ဝါ ပသံသာ ဝါ အပ္ပမာဏာ၊ ပဏ္ဍိတေန ပန မေဓာဝိနော နိန္ဒိတော နိန္ဒိတော နာမ၊ ပသံသိတော စ ပသံသိတော နာမ ဟောတိ(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၁၀) ဟူသော မြတ်စွာဘုရားရှင်၏ ဒေသနာလာသည့်အတိုင်း မသိနားမလည်သူများ၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရုပြုလောက်သည့် လိုရင်းပမာဏမဟုတ်၊ ပညာရှိများကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့သည်မည်ကြောင်း၊ ပညာရှိများ ချီးမွမ်းခြင်းသည်သာ ချီးမွမ်းသည်မည်ကြောင်း ဟောကြားတော်မူသည့် အမိန့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်လျက် ပညာရှိသူတော်ကောင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းကြမည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကိုသာ ယောနိသောမနသိကာရတရားလက်ကိုင်ထား၍ ညီညာဖျဖျ ကြိုးပမ်းအားထုတ်တော်မူကြပါဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။



## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် နိုဝင်ဘာ ၂၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❍ ကျောဖုံးမှ

တိုင်းရင်းဆေး သမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးတက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟို ဥက္ကဋ္ဌ ဦးသိန်းဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း Video Message ကိုဖွင့်လှစ်ပြသသည်။ (နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း အပြည့်အစုံအား စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုင်းရင်းဆေးဝါးများနှင့် ရိုးရာဆေးပညာ ကုထုံးများရှိခဲ့ကြပြီး အနောက်တိုင်းဆေးပညာများ၊ခေတ်မီဆေးဝါးများနှင့် ဆေးကုသမှုအတတ်ပညာများ မပေါ်ပေါက်မီကပင် ရိုးရာတိုင်းရင်းဆေးများ၊ ရိုးရာဆေးကုထုံးများနှင့် ကျန်းမာရေးကိုစောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတွင်လည်း ရှေးမြန်မာမင်းများ လက်ထက်မှစပြီး မိမိတို့၏ ရေမြေသဘာဝတောတောင်များမှ ရရှိသည့် ဆေးဖက်ဝင် ပစ္စည်းများနှင့် ကုသခြင်း၊ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးကိုစောင့်ရှောက်ပေးခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကာလရှိခဲ့ပြီဖြစ်ကြောင်း၊ ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် ဆရာတော်များ၊ သမားတော်များက အာယုဗ္ဗေဒဆေးကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ တိုင်းရင်းဆေးကျမ်းများ ပြုစုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ မင်းတုန်းမင်းလက်ထက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဖြစ်သည့် ဒေသနာနယဆေးပညာနည်းစနစ် တောင်သာခြောက်လုံးကောက်ဆေးပညာကို တောင်သာဆရာကြီး ဆရာမှုန့်က တီထွင်ခဲ့ကြောင်း၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့် အထူးကျွမ်းကျင်သော ဆေးဆရာကြီးများကို ဘုရင့်သမားတော်အဖြစ် ခန့်အပ်ပြီး "နေမျိုးဘိသက္ကရာဇာ" ဘွဲ့ကို ပေးအပ်ချီးမြှင့်လေ့ရှိခဲ့ကြောင်း။

နိုင်ငံတော်က တိုင်းရင်းဆေးပညာကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ၁၉၈၉ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်း တိုးမြှင့်ပေးသည့်အတွက် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုလျင်မြန်လာခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်က မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ခဲ့ပြီး မျိုးဆက်သစ်များကို မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့များ အပ်နှင်းနိုင်ခဲ့ကြောင်း၊ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာ လုပ်ဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ (၂၃)ကြိမ်မြောက် ကျင်းပနေပြီဖြစ်ကြောင်း။

### အားပေးဆောင်ရွက်

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များ အနေဖြင့် **"တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်"၊ "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်"၊ "အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်"၊ "မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်"** တို့ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ အောင်မြင်ရန် အကောင်အထည်ဖော်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ယခုကျင်းပသည့် ညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး အားပေးချီးမြှောက်ပေးလျက်ရှိနေသလို တိုင်းရင်းဆေးပညာရှင်များကလည်း ကြိုးစားအားထုတ်နေသည်ကိုတွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ ကြိုးစားအားထုတ်ကြရာတွင် ကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

### လေ့ကျင့်မွေးထုတ်ပေး

ယခုအခါတွင် တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေပြီ ဖြစ်သလို နိုင်ငံတော်အစိုးရ၏ ချီးမြှောက်ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ ပေးအပ်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း။

တိုင်းရင်းဆေး ညီလာခံကြီး ကျင်းပခြင်းသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်နှင့် အတွေ့အကြုံရှိသည့် ဝါရင့်တိုင်းရင်းဆေး သမားတော်ကြီးများနှင့် မျိုးဆက်သစ်လူငယ်များက သိမ္မသုံးဖြာဖြစ်သော ရောဂါဆိုင်ရာ၊ ကုထုံးဆိုင်ရာ၊ ဆေးဝါးဆိုင်ရာဆိုသည့် အတွေ့အကြုံဗဟုသုတများကို နှီးနှောဖလှယ်နိုင်ခြင်း၊ မျှဝေခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ညီလာခံကြီးက ဆွေးနွေးရရှိသည့် ဆုံးဖြတ်ချက်များ၊ ရလဒ်များမှတစ်ဆင့် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာကုထုံးများ၊ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်လာမည်ဖြစ်ပြီး ပြည်သူများကလည်း ဘိုးဘွားအမွေအနှစ်ဖြစ်သည့် တိုင်းရင်းဆေးပညာကို လေးစားတန်ဖိုးထားပြီး ပိုမိုယုံကြည် အားကိုးလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များ ကလည်း အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်အညီ ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ယခုထက်ပိုမိုချိတ်ဆက်လေ့လာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊

စာမျက်နှာ ၈ သို့ »»

»»» စာမျက်နှာ ၇ မှ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာ ကဏ္ဍများတွင် အတူလိုက်ပါ ပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

## ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး

ထို့အပြင် ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသော ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ယခုညီလာခံကြီးကနေ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရန် မှာကြားလိုကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါဘေးနှင့် ကြုံတွေ့ခဲ့သည့်အချိန်တွင် တိုင်းရင်းဆေးနှင့် ကာကွယ်ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးဖုံ (ဝိသမအဖျားပျောက်ဆေး)၏ အကျိုးထိရောက်မှုကို သုတေသနပြုလုပ်အောင်မြင်ခဲ့ကြကြောင်း၊ ဆေးဝါး၏ အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လတ်တလောနှင့် ရေတိုအဆိပ်အာနိသင်ဆိုင်ရာ စမ်းသပ်ခြင်း၊ ဆေး၏ခံနိုင်ရည်အားကျန်းမာသည့်လူများပေါ်တွင် စမ်းသပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုသာမန်လက္ခဏာရှိ လူနာများပေါ်တွင် ဆေးလက်တွေ့ သုတေသနပြုစမ်းသပ်ခြင်း သုတေသန အဆင့်ဆင့်ပြုလုပ်ပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားရရှိခဲ့ပြီး ဆေးဝါးထုတ်လုပ်ကာ တိုင်းရင်းဆေးရုံများတွင် အသုံးပြုနိုင်ရေး အခမဲ့ဖြန့်ဝေ အသုံးပြုနေပြီကို သိရှိရသဖြင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် လေဘေး၊ ရေဘေး စသည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကိုတစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာနှင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ စောင့်ရှောက်ပေးကြ သည်ကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်စရာပင် ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးများအရည်အသွေးပြည့်ဝပြီး ဘေးကင်းလုံခြုံ စိတ်ချရစေရေး၊ အရည်အသွေး ပိုမိုပြည့်ဝသည့် တိုင်းရင်းဆေးဆရာလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေးတို့အတွက် နိုင်ငံတော်၏ ပံ့ပိုးအားပေးမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ကြိုးပမ်းမှုဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်လာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ ကိုးရုံ၊ (၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ ၁၃ ရုံနှင့် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂၄ ရုံ၊ ခရိုင် တိုင်းရင်းဆေးခန်း ၅၀၊ မြို့နယ်တိုင်းရင်းဆေးခန်း ၂၁၀ ဖွင့်လှစ်၍ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်စောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

တိုင်းရင်းဆေးပညာရပ် ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ခြင်းနှင့် တိုင်းရင်းဆေးဝါးများ အပြန်အလှန် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ ပြုလုပ်နိုင်ကြရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များက စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့မှရရှိသော သဘာဝအရင်းအမြစ်များကိုအသုံးပြုပြီး အာနိသင်ပြည့်ဝသည့် ဆေးဝါးများကိုကိုယ်တိုင် ဖော်စပ်ထုတ်လုပ်ပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည့်အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆုရရှိသည့်ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ (ပဲခူး)၊ ဒုတိယဆုရရှိသည့် ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ (တောင်ကြီး)နှင့် တတိယဆုရရှိသည့် ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ(ဘားအံ)တို့မှ ဆေးရုံအုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကြသည်။

## ဂါရဝပြုပေးအပ်

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် အဖွဲ့ဝင်များနှင့်အတူ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆေးခြင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

❖ **မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့မှရရှိသော သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး အာနိသင်ပြည့်ဝသည့် ဆေးဝါးများကို ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည့် အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်**

# (၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်





နေပြည်တော် နိုဝင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM)သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုယ်စား တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့သို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် Mabalacat မြို့ရှိ Hilton Clark Sun Valley Resort ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေး တက်ရောက်လာသော အာဆီယံကြည်းတပ် ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက "Strengthening Partnership and Camaraderie Towards Regional Stability" ခေါင်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကာ မွန်းလွဲပိုင်းတွင် အစည်းအဝေး ပြီးဆုံးခဲ့သည်။

အစည်းအဝေးအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေး ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်ဖြစ်သူ Gen Mao Sophan၊ ထိုင်းဘုရင့် တပ်မတော် လက်ထောက်ကြည်းတပ်ဦးစီးချုပ် Gen. Wasu Chiemsuk၊ ဖိလစ်ပိုင်ကြည်းတပ် ဦးစီးချုပ် Lt. Gen Roy M Galido၊ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Maj. Gen Phanseng Bounphan၊ ဘရူနိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် Bri. Gen Haji Mohammad Shanonnizam bin Sulaiman တို့နှင့် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲများ အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့သည် ဖိလစ်ပိုင်ကြည်းတပ် ဦးစီးချုပ် Lt. Gen Roy M Galido နှင့် ဇနီးတို့တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ အာဆီယံကြည်းတပ် ဦးစီးချုပ်များနှင့်ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူတက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ်နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ပါကြောင်း။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ရကြောင်း၊ ထိုစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို အများပြည်သူ သိရှိလေ့လာနိုင်စေရန် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာငါးမျိုးဖြင့် စာအုပ်ပြုစုထုတ်ဝေခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေး တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများက ပိုမိုပြည့်စုံ လွယ်ကူစွာ ကြည့်ရှုနိုင်ရန်အတွက် ဘာသာစကားငါးမျိုးဖြင့် ဖတ်ရှုနိုင်မည့် Website နှင့် Mobile Application ရေးဆွဲ လွှင့်တင်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် "Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဖွဲ့အနေဖြင့် Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး လုပ်ငန်းစဉ် ခုနစ်ရပ် ပါဝင်သည့်လုပ်ငန်းစီမံချက် ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ Website နှင့် Mobile Application တို့ကို ရေးဆွဲပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများ ဖတ်ရှုလေ့လာနိုင်ရန် လွှင့်တင်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး Website နှင့် Mobile Application လွှင့်တင်ခြင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Touch Screen Monitor တွင် ဒစ်ဂျစ်တယ်လက်ဗွေနှိပ်၍ Website လွှင့်တင်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်မသုံးရဥပဒေကြမ်း အလုပ်သမားပါတီက ဩစတြေးလျပါလီမန်သို့ တင်သွင်း




**ကင်ဘာရာ နိုဝင်ဘာ ၂၂**

အသက် ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်မသုံးရ ဥပဒေကြမ်းကို အာဏာရ အလုပ်သမားပါတီကိုယ်စားပြု ဥပဒေပြုအမတ်များ စီစဉ်ရေးဆွဲကာ ဩစတြေးလျပါလီမန်သို့ ယမန်နေ့က တင်သွင်းခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သမိုင်းဝင်ဥပဒေကြမ်းကို တင်သွင်းရာတွင် ဩစတြေးလျနိုင်ငံရှိ အတိုက်အခံနိုင်ငံရေးအင်အားစုများကလည်း ထောက်ခံအားပေးခဲ့ကြသည်။

အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်၊ တစ်တော့၊ အိတ်ခ် စ်နှင့် စနက်ပ်ချက်လူမှုကွန်ရက်များကို ကလေးသူငယ်များမသုံးစေရန် အဆိုပါ ဥပဒေကြမ်းက ပိတ်ပင်တားမြစ်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ လူမှုကွန်ရက်များအနေဖြင့် ကန့်သတ်ချက်ကိုဖောက်ဖျက်လျှင် အမေရိကန်ဒေါ်လာ ၃၂ သန်းအထိ ဒဏ်ရိုက်ခံရမည်ဟု ဆိုသည်။

ထိုမျှလောက်ပြင်းထန်သော ပိတ်ပင်ကန့်သတ်မှုသည် ဖက်ဆစ်ဆန်လွန်းကြောင်း အိတ်ခ်စ် လူမှုကွန်ရက်ကုမ္ပဏီပိုင်ရှင် အီလွန်မတ်စ်က ထောက်ပြဝေဖန်သည်။

ပြင်သစ်နိုင်ငံတွင် အလားတူ ကလေးများ အင်တာနက်လူမှုကွန်ရက်မသုံးရ ဥပဒေကြမ်းကို ယမန်နှစ်က အဆိုပြုခဲ့သော်လည်း မိဘခွင့်ပြုချက်ဖြင့် ပြင်သစ်ကလေးများ သုံးခွင့်ရနေကြောင်း သိရသည်။ **Mon**



## အိန္ဒိယနိုင်ငံ၏ အချမ်းသာဆုံးသူဌေး ဂါအူတမ်အဒါနီ လာဘ်ပေးမှု ကျူးလွန်ခဲ့ခြင်းမရှိဟု ငြင်းဆိုထား

**ဒေလီ နိုဝင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ၏ အချမ်းသာဆုံးသူဌေး ဂါအူတမ်အဒါနီ လာဘ်ပေးမှု ကျူးလွန်ခဲ့ခြင်းမရှိဟု ၎င်း၏ အဒါနီကုမ္ပဏီအုပ်စုက ငြင်းဆိုထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဒါနီနှင့် ၎င်း၏အမှုဆောင်များသည် လွန်ခဲ့သော နှစ် ၂၀ အတွင်း စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်နိုင်ရန် အိန္ဒိယအစိုးရတာဝန်ရှိသူများကို ဒေါ်လာသန်း ၂၅၀ လာဘ်ပေးခဲ့သည်ဟု အမေရိကန်အစိုးရရှေ့နေများက စွပ်စွဲခဲ့သည်။

ယင်းစွပ်စွဲချက်သည် လုံးဝအခြေအမြစ်မရှိဟု ကုမ္ပဏီအုပ်စုက ငြင်းဆိုထားသော်လည်း အဒါနီအစုရှယ်ယာဈေးနှုန်းများ ရုတ်တရက် ပြုတ်ကျခဲ့ကြောင်း သိရသည်။

**Mon**

## အာဖရိကအခြေစိုက် ဖောက်စ်ဝက်ဂွန်အုပ်စု ရဝမ်ဒါနိုင်ငံ၌ လျှပ်စစ်လယ်ထွန်စက် ထုတ်လုပ်



**ကီဂါလီ နိုဝင်ဘာ ၂၂**

အာဖရိကအခြေစိုက် ဖောက်စ်ဝက်ဂွန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီအုပ်စုက ရဝမ်ဒါနိုင်ငံ ဂါရှီရာမြို့၌ မကြာသေးမီက လျှပ်စစ်လယ်ထွန်စက် ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း အီလက်ထရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေဟာစနစ်နှင့် ကိုက်ညီမည့် လယ်ထွန်စက်ထုတ်လုပ်ရန် စီစဉ်ခဲ့ရာမှ မိမိတို့အနေဖြင့် အာဖရိက၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရဝမ်ဒါဈေးကွက်အတွက် ယင်းလျှပ်စစ်လယ်ထွန်စက်ကို ထုတ်လုပ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အာဖရိကအခြေစိုက် ဖောက်စ်ဝက်ဂွန်မော်တော်ကားထုပ်လုပ်ရေးကုမ္ပဏီအုပ်စုဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး မာတီနာဘီယင်းက အတည်ပြုပြောကြားသည်။

၂၀၂၃ ခုနှစ် ဇွန်လက ရဝမ်ဒါအစိုးရနှင့် အာဖရိကအခြေစိုက် ဖောက်စ်ဝက်ဂွန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီအုပ်စုတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနားလည်မှုစာချွန်လွှာတွင် ပါဝင်သော သဘောတူညီချက်တစ်ရပ်အရ ထိုလျှပ်စစ်လယ်ထွန်စက်ကို ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0




## အသက် ၅၉ နှစ်အရွယ် ရှေ့နေ ပမ်ဘွန်ဒီ အမေရိကန်ရှေ့နေချုပ်အဖြစ် လျာထားခံရ

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အသက် ၅၉ နှစ်အရွယ် ရှေ့နေပမ်ဘွန်ဒီ အမေရိကန်ရှေ့နေချုပ်အဖြစ် လျာထားခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ဒေါ်နယ်လ်ထရမ့်၏ ယခင်သမ္မတသက်တမ်း မတိုင်မီ မဲဆွယ်စည်းရုံးရေးကာလကတည်းက ဥပဒေရေးရာလုပ်ငန်းများကို ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဆီးနိတ်လွှတ်တော်က ထောက်ခံလျှင် ရှေ့နေလုပ်သက် နှစ် ၂၀ ခန့်ရှိနေပြီဖြစ်သော ပမ်ဘွန်ဒီအနေဖြင့် ထရမ့်၏ နိုင်ငံရေးရန်ဘက်များကို အတွဲ့အလှည့်ပြုတရားစွဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာဖွယ်ရှိသည်ဟု ဆိုသည်။

ပမ်ဘွန်ဒီသည် ဖလော်ရီဒါပြည်နယ်၏ ရှေ့နေချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။ **Mon**





## မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု ကျူးလွန်သူ စင်ကာပူနိုင်ငံတွင် ကြိုးပေးစီရင်သတ်ဖြတ်ခံရ

**စင်ကာပူ နိုဝင်ဘာ ၂၂**

အသက် ၅၅ နှစ်အရွယ် ရော့စမန်အဗ္ဗဒူလာဟု အမည်ရသော မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု ကျူးလွန်သူ စင်ကာပူနိုင်ငံတွင် ကြိုးပေးစီရင်သတ်ဖြတ်ခံရသည်ဟု စင်ကာပူမူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေးအဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူနိုင်ငံသားဖြစ်သူ ရော့စမန်သည် ဘိန်းဖြူ ၅၇ ဒသမ ၄၃ ဂရမ် မှောင်ခိုရောင်းချမှုဖြင့် သေဒဏ်စီရင်ခံရခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါးကို အမှန်တကယ် နှိမ်နင်းတိုက်ဖျက်လျက်ရှိရာ ရော့စမန်သည် တစ်ပတ်အတွင်း တတိယမြောက် သေဒဏ်စီရင်ခြင်းခံရသူဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

STOP AIDS

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ ကူရမ်းဒေသတစ်နေရာတွင် နိုဝင်ဘာ ၂၁ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားကာ လူ ၄၁ ဦး သေဆုံးစေခဲ့သော ကားလမ်းပိုင်း တစ်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြည့်စစ်ဆေးနေစဉ်။

**Mon**



## ဆီးရီးယားနိုင်ငံ ပါလ်မိုင်ရာမြို့ကို အစ္စရေးတိုက်ခိုက်၊ အီရန်ကျောထောက်နောက်ခံပြုသူ ၈၂ ဦး သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၂၂**

ဆီးရီးယားနိုင်ငံ ရှေးဟောင်း ပါလ်မိုင်ရာအိုအေစစ်မြို့ကို အစ္စရေးဘက်က နိုဝင်ဘာ ၂၀ ရက်၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ အီရန်ကျောထောက်နောက်ခံပြုသူ လက်နက်ကိုင် ၈၂ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၁ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်နောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံ၌ လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အတည်ပြုကြေညာသည်။

အစ္စရေးတို့က ပါလ်မိုင်ရာမြို့ရှိ နေရာသုံးခုကို ဦးတည်တိုက်ခိုက်ခဲ့ရာ ပစ်မှတ်တစ်ခုတွင် အီရတ်အခြေစိုက် အယ်လ်နူဂျာဘာနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာအုပ်စုခေါင်းဆောင်ပိုင်း အစည်းအဝေးကို အတိအကျပင် ထိမှန်ခဲ့သည်။

အစ္စရေးက ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ခဲ့သမျှတွင် လူအသေအပျောက် အများဆုံးဖြစ်သည်ဟု ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် နာဂျတ်ရှိချဒီက ထုတ်ဖော်ပြောကြားသည်။

သေဆုံးသူအများစုသည် အီရတ်အခြေစိုက် အယ်လ်နူဂျာဘာဘက်မှဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ် ပြီးစီးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြ

**မန္တလေး နိုဝင်ဘာ ၂၂**

ချမ်းမြသာစည်မြို့နယ်တွင် မြန်မာနိုင်ငံတော်ဗဟို ဘဏ်(မန္တလေး ဘဏ်ခွဲ) အဆောက်အအုံသစ် တည်ဆောက်ပြီးစီးနေမှုအခြေအနေ များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်နှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်အား ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံရှင်းလင်း တင်ပြခဲ့သည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူး အဖွဲ့(၆)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန္တလေးဘဏ်ခွဲ အဆောက်အအုံသစ်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်ကာလ အတွင်း ပြီးစီးရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)






## စာကြည့်တိုက်အခြေခံပညာသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက် ကျေးရွာရှိ ပညာရောင်ခြည် စာကြည့်တိုက်တွင် စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်လုပ်ငန်းများ စနစ် တကျ ဆောင်ရွက်တတ်စေရေး နှင့် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများ သိရှိနားလည်နိုင် စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀နာရီက စာကြည့် တိုက်အခြေခံပညာသင်တန်းဖွင့် လှစ်သည်။ ရှေးဦးစွာ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေး မှူး ဒေါ်ဝါဝါလွင်က သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက် အား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်း နည်းပြအဖြစ် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်ဝါဝါလွင်၊ ဦးစီး အရာရှိ ဒေါ်တင်ဇာလွင်နှင့် စာ ကြည့်တိုက်မှူး ဒေါ်သော်တာခိုင် ထွေးတို့က စာကြည့်တိုက်အင်္ဂါရပ် များ၊ စာကြည့်တိုက်အမျိုးအစား များ၊ စာစုလုပ်ငန်း၊ စာပြုလုပ် ငန်း၊ ပညာရပ်ခွဲနည်းများ စသည့် အကြောင်းအရာများကို သင်ကြား ပို့ချကြသည်။

အဆိုပါ စာကြည့်တိုက် အခြေခံပညာသင်တန်းသို့ စာကြည့် တိုက် ငါးတိုက်မှ စာကြည့်တိုက် တာဝန်ခံများ၊ စာကြည့်တိုက်မှူး များ တက်ရောက်ကြပြီး နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ နှစ်ရက် ကြာ စာတွေ့၊ လက်တွေ့ သင် ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

၀-၀-၀-၀-၀

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## မန္တလေးမြို့ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပပြုလုပ်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးမြို့၊ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ၌ ၂၀၂၃-၂၀၂၄ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကို ယမန်နေ့ နံနက်ပိုင်းက မန္တလေး မြို့၊ နန်းမြို့တွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူ များ၊ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ကျောင်း သားမိဘများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်း သူများက ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းဖြင့် အခမ်း အနားကို ဖွင့်လှစ်ပေးသည်။ ထို့



နောက် တိုင်းမှူးက အဖွင့်အမှာ စကား ပြောကြားသည်။ ယင်း နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက ၂၀၂၃-၂၀၂၄ ပညာသင် နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည် ချွန်ဆု ရရှိကြသူများ၊ ခရိုင်/မြို့ နယ်အဆင့် အားကစားပြိုင်ပွဲများ နှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက ထာဝရ မြန်မာ သီချင်း၊ ဇာတိမာန် သီချင်း တို့ဖြင့် ကပြဖျော်ဖြေ၍ အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၀၃၈)

၀-၀-၀-၀-၀

## လက်ထောက်မီးသတ်ဦးစီးမှူး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ၊ ဆုများ ချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗဟိုမီးသတ် သင်တန်းကျောင်း လက်ထောက်




မီးသတ်ဦးစီးမှူးလောင်းသင်တန်း အမှတ်စဉ်(၂၂/၂၀၂၄)ဆင်း မန္တလေးတိုင်းဒေသကြီး တာဝန်ကျ လက်ထောက်မီးသတ်ဦးစီးမှူး များ မွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ် ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပ သည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း က အမှာစကားပြောကြားပြီး မွမ်းမံသင်တန်းတွင် ပထမဆုရသူ အား ဆုချီးမြှင့်ခြင်း တိုင်းဒေသ ကြီး ဒုတိယမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း က ဒုတိယဆုနှင့် တတိယဆု ရရှိသူများအား ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

# ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပရန် လျာထားဆောင်ရွက်ထားသည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ရှင်းလင်းတင်ပြ

**မန္တလေး နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြင်းစီးအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန်လျာထားသည့် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ(Endurance)တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် အားကစားသမားနှင့် မြင်းများအတွက် FEI 1* စတုတ္ထအကြိမ် စတုတ္ထအဆင့် ၁၀၀ ကီလိုမီတာ အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပနိုင်ရန် လျာထားဆောင်ရွက်ထားသည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လာရောက်ရှင်းလင်းတင်ပြခဲ့သည်။




ထိုသို့ ရှင်းလင်းတင်ပြရာ၌ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ၁၀၀ ကီလိုမီတာ မြင်းစီးခရီးရှည် အရည်အချင်းစစ်ပြိုင်ပွဲမှ အရည်အချင်းပြည့်မီသော မြန်မာနိုင်ငံကိုယ်စားပြု မြင်းစီးအားကစားသမားများနှင့် ပြိုင်ပွဲဝင်မြင်းများ ပေါ်ပေါက်လာပြီး ကမ္ဘာ့မြင်းစီးအားကစားအဖွဲ့ချုပ် (FEI)၏ ကြီးကြပ်မှုဖြင့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန်၊ မြန်မာ့မြင်းစီးအားကစားအဆင့်အတန်းကို နိုင်ငံတကာ မြင်းစီးအားကစားနည်းများ လေ့ကျင့်ယှဉ်ပြိုင်ခြင်းဖြင့် အဆင့်မြှင့်တင်သွားရန် ရည်ရွယ်၍ ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပသွားရန် လျာထားဆောင်ရွက်ထားမှု၊ ပြိုင်ပွဲကျင်းပရေးကော်မတီဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအမျိုးအစားများ၊ လျာထားသည့် ပြိုင်ပွဲလမ်းကြောင်းများ၊ မြန်မာနိုင်ငံခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲကျင်းပနိုင်ရေးလျာထားတင်ပြလာသည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကျောင်းအခြေပြု ဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဥတ္တရသီရိ နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကျွဲရှင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဥတ္တရသီရိမြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာဖတ်ရိန်မြှင့်တင်ရေး လှုပ်ရှားမှုနှင့်စာဖတ်ခြင်းအကြောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးပပဖြိုးက ပလတ်စတစ်ညစ်ညမ်းမှုအကြောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဟန်မျိုးဝင်းက ဥပဒေဆိုင်ရာအကြောင်း စသည်တို့ကို အသီးသီးဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးထိုက်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ သက်ဆိုင်ရာဌာနများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်

**ခိုလမ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ခိုလမ်မြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ဟိုင်းလိုက်ကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။



ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ခိုလမ်မြို့ မြေစာရင်းဦးစီးဌာန မြို့ဦးစီးဌာနမှူး ဦးဇော်နိုင်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ဦးနှင့်ဝန်ထမ်းများက မိုးစပါးစံကွက်စိုက်ခင်း ကွင်းအမှတ်(၁၇၅)၊ ဦးပိုင်အမှတ်(၃) တောင်သူ ဒေါ်နန်းရင် လုပ်ကိုင်ခွင့်ရရှိထားသော လယ်မြေ ၆ ဒသမ ၉၅ ဧကအား အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း စပါးမျိုးသစ်(YSR-1)မျိုးစပါးစိုက်ခင်းအား ရိတ်သိမ်းရာတွင် တစ်ဧက အစိုတင်း ၁၂၈ ဒသမ ၈၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပဲစင်းငုံနီဈေး ထပ်မံကျဆင်း တစ်တန်လျှင် ငွေကျပ် ၃၈ သိန်းထိ ကျဆင်းလာ

ပြည်ပပို့ကုန်ပဲဖြစ်တဲ့ ပဲစင်းငုံနီကတော့ ဈေးကွက်ဆက်တိုက် ကျဆင်းနေပြီး နိုဝင်ဘာလ တတိယပတ်မှာ ပဲစင်းငုံနီ တစ်တန်ကို ငွေကျပ် ၃၈ သိန်းသာ ပေါက်ဈေးရှိကြောင်း ကုန်သည်များထံက သိရသည်။

ပြီးခဲ့တဲ့ အောက်တိုဘာလအစ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ငွေကျပ် ၄၆ သိန်းအထိရှိပြီး အောက်တိုဘာလကုန်မှာတော့ တစ်တန်ကို ငွေကျပ် သိန်း ၄၀၇၀၀၀၀ အထိ ဈေးကျခဲ့ပါတယ်။ အဲဒီနောက်မှာလည်း ဈေးထပ်မံကျဆင်းခဲ့ပြီး လက်ရှိ နိုဝင်ဘာ ၂၂ ရက်မှာ တစ်တန်ကို ငွေကျပ် ၃၈ သိန်းသာ ရှိတော့ခြင်း ဖြစ်သည်။

ပဲစင်းငုံနီက အောက်တိုဘာလကုန်မှာဖြစ်ပေါ်ခဲ့သည့် ဈေးကွက်နှင့်ယှဉ်လျှင် နိုဝင်ဘာလမှာ တစ်တန်ကို ငွေကျပ် နှစ်သိန်းကျော်လောက် ဈေးထပ်မံကျဆင်းလာတာဖြစ်သည်။

"ဈေးက တန်ဆောင်တိုင်မရောက်ခင်တည်းက ကျတာပဲ။ ခုကာလက ဆောင်းပဲစိုက်ရာသီလည်းရောက်နေပြီ။ ပဲလက်ကျန်ကလည်း မရှိတော့ဘူးဆိုတော့ ဈေးကအတက်မရှိဘဲ ကျပဲ ကျနေတာပါ။ ခုရက်ပိုင်း ဒေါ်လာဈေးကလည်းကျတော့ အဲဒါတွေကြောင့်လည်းပါတယ်"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းမှာ နိုင်ငံခြားငွေဈေးနဲ့ ရွှေဈေးကျလာခြင်းနှင့်အတူ ပဲစင်းငုံကို အိန္ဒိယဘက်မှလည်း ဝယ်လိုအားနည်းသွားခြင်း၊ ပြည်တွင်းလက်ကျန်မရှိခြင်းတွေကြောင့် ဈေးတန်းကျဆင်းလာနေခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ပဲစင်းငုံနီစိုက်ပျိုးရာသီမှာတုန်းက အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံနီ အထွက်နှုန်း လျော့ကျခဲ့တာကြောင့် ၎င်းတို့၏ စားနပ်ရိက္ခာ လိုအပ်ချက်ရှိနေသည့်အတွက် မြန်မာကနေ ပဲစင်းငုံနီ တန်ချိန်အများအပြား ဝယ်ယူမှုကြောင့် ဈေးနှုန်းတက်လာခဲ့ပြီး လက်ရှိမှာ အဝယ်အေးသွားလို့ အကျဘက် ရောက်လာတာလည်း ဖြစ်သည်။



ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ငွေကျပ် ၃၈၀၀၀၀၀ သာရှိပြီး မန္တလေးကုန်စည်ဒိုင်မှာတော့ ပဲအဝင်မရှိတာကြောင့် ဈေးကွက်ပင် ဖွင့်ထားခြင်းမရှိတာ စက်တင်ဘာလ နောက်ဆုံးပတ်လောက်ကတည်းက ဖြစ်သည်။

ပဲစင်းငုံနီကို ပြည်ပတင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံကိုသာ အဓိကအများဆုံးတင်ပို့ရတာဖြစ်ပြီး ဥရောပနိုင်ငံအချို့ကတော့ ပဲပင်ပေါက်ဖို့ တန်ချိန်ထောင်ဂဏန်းလောက်သာ ဝယ်ယူမှုရှိတာကြောင့် အိန္ဒိယ၏ဝယ်လိုအားပေါ် လိုက်ပြီး ဈေးအတက်အကျ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

# သင်္ဂဇာချောင်းကို ဖြတ်ကူးထားသော ရှေးဟောင်းသစ်သားတံတားများ

**မန္တလေးမြို့သည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိသည်ဖြစ်၍ မြို့တော်၏ အနောက်မျက်နှာအရပ် မြေနိမ့်ပိုင်းတွင် မြစ်ရေကို ကာဆီးထားသော တာရိုးရှိသည်။ ထိုမြစ်တာရိုး အရှေ့ဘက်တွင် တစ်ချိန်က မြစ်ရေဝင်ရောက်ရာ သင်္ဂဇာချောင်း(သို့မဟုတ်)သင်္ဂဇာအင်းရှိသည်။ တစ်ချိန်က သင်္ဂဇာချောင်းအရှေ့ဘက်နှင့် အနောက်ဘက် ဧရာဝတီမြစ်ကမ်းသို့ သွားလာရန် ကာဆီးထားသော သင်္ဂဇာချောင်းကို လှေငယ်များဖြင့် ဖြတ်ကူးသွားလာခဲ့ကြသည်။**



မြစ်ကျိုးအင်းသဖွယ်ရှိခဲ့သောကြောင့် အထက်ပိုင်းဒေသမှ ဝါးဖောင်များ၊ ကျွန်း၊ သစ်ယာ၊ ပျဉ်းကတိုး၊ ပိတောက် စသည့် သစ်လုံးဖောင်များ ဆိုက်ကပ်ကြသောကြောင့် သစ်စက်များရှိသည်။ ရေထဲမှ ကျွဲများနှင့်ဆယ်ယူ၍ သစ်ခွဲစက်ပေါ်တင်ကာ အိမ်ရာအဆောက်အအုံအတွက် လိုအပ်သော သစ်များ ခွဲခြမ်းစိတ်ဖြာကြသည်။ သစ်စက်များရှိခြင်းကြောင့် သင်္ဂဇာချောင်း ကမ်းနှင့် အနီးနားရပ်ကွက်များမှ သစ်စက်လုပ်သားများက နံနက်ပိုင်း လုပ်ငန်းခွင်ဝင်ချိန်နှင့် အလုပ်ဆင်းချိန်တို့တွင် လှေစီး၍ ချောင်းဖြတ်ကူးကြရသည်။ ထိုသူများသာမက ဈေးသည်ဈေးဝယ်များ၊ ရေကြောင်းလုပ်သားများသည်လည်း နေ့စဉ် လှေစီးရသူများဖြစ်သည်။ သင်္ဂဇာချောင်းတွင် ထိုအချိန်က လှေဆိပ်များလည်းရှိခဲ့သည်ဟု သိရသည်။

ထိုသို့ လှေဖြင့် ဖြတ်ကူးသည့်အခါ အချိန်ကြာမြင့်ခြင်းနှင့် နေ့စဉ်ကုန်ကျစရိတ်ရှိနေခြင်းတို့ကြောင့် တံတားတည်ဆောက်လာကြသည်။ ကုသိုလ်ရှင်တစ်ဦးတည်းထက် အများကောင်းမှုဖြင့် တည်ဆောက်သည့် တံတားများဖြစ်သည်။ ၂၂လမ်းမှ ၃၉လမ်းအတွင်း တံတားကြီး၊ တံတားငယ်ပေါင်း (၅)ခုရှိပြီး ချမ်းသာရတံတားနှင့် အလယ်ပေါင်တံတား (ချမ်းသာကြီးတံတား)တို့သည် အရှည်ဆုံးဖြစ်သည်။ တံတားတည်ဆောက်ပုံများကို ကြည့်လျှင် တောင်သမန်(ဦးပိန်)တံတားနှင့် ပုံစံတူသည်ကို တွေ့ရပြီး ကျွန်းသားများနှင့် တည်ဆောက်ခဲ့ကြသည်။

**အလယ်ပေါင်တံတား**

အောင်မြေသာစံမြို့နယ်၊ လမ်း၉၀၊ ၂၄လမ်း၊ သင်္ဂဇာချောင်းအရှေ့ဘက်ရှိ ရှေးဟောင်းသမိုင်းဝင် ချမ်းသာကြီးဘုရားရှိသည်။ ၎င်း၏ အနောက်မြောက် ယွန်းယွန်းတွင် သစ်သားတံတားတစ်စင်းရှိပြီး ဘုရားနှင့် အနည်းငယ် အလှမ်းဝေးသည်။ အလယ်ပေါင်ရပ်ကွက်မှ သင်္ဂဇာချောင်းကို ဖြတ်၍ အနောက်ဘက် ၂၂လမ်းမှ ရွာကြီး-ပေါက္ကရိရပ်ကွက်နှင့် ဆက်သွယ်ထားခြင်းနှင့် တံတားအလှူရှင်မှာ အလယ်ပေါင်ရပ်ကွက်မှ ဖြစ်ခြင်းကြောင့် ချမ်းသာကြီးတံတားဟု အမည်မတွင်ဘဲ အလယ်ပေါင်တံတားဟု အမည်တွင်ခဲ့သည်။

ကမ္ပည်းမှတ်တမ်းအရ အလှူရှင်မှာ ဦးကော + ဒေါ်ညာဖြစ်၍ ၁၂၈၇ခုနှစ်ဟု သိရ၍ နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီ ဟုဆိုသည်။ ၁၉၉၀ခုနှစ်ဝန်းကျင်က ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့စဉ် တံတားအလယ်၌ ၃ ခန်း၊ ၄ ခန်း အကျယ်ရှိ ဇရပ်တစ်ဆောင် ဆောက်လုပ်ခဲ့သည်။ အလယ်ဇရပ်အရှေ့ဘက်၌ ၇ ပေခန့်အကျယ်၊ အခန်းပေါင်း ၂၄ ခန်း၊ အနောက်ဘက်တွင် အခန်းပေါင်း ၃၂ ခန်းနှင့် အလယ်ဇရပ်မှ အခန်း ၄ ခန်းတို့ကို ပေါင်းလျှင် တံတားအရှည်မှာ ပေပေါင်း ၄၂၀ ဝန်းကျင်ရှိသည်။ သင်္ဂဇာချောင်းပတ်လမ်း ဖောက်လုပ်ရန်အတွက် တံတားမှအခန်း ၆ ခန်း ဖြတ်တောက်လိုက်ရသဖြင့် မူလက ပေ ၄၅၀ ခန့် ရှိနိုင်သည်ဟု ယူဆရသည်။

“ဟိုဘက်ရပ်ကွက်နဲ့ ဒီဘက်ရပ်ကွက်ကို ချောင်းဖြတ်တံတားနဲ့ သွားကြတယ်။ မူလက အလယ်ဇရပ်မရှိဘူး။ ပြန်လည်မွမ်းမံချိန်မှာ အလယ်ဇရပ်ဆောက်ခဲ့တယ်။ ထိပ်ဝ ၈ လက်မလောက်ရှိတဲ့ မူလတိုင်တွေအတိုင်းဖြစ်ပြီး ကြမ်းခင်းနဲ့ ဆင့်တွေမှာ အသစ်လဲတာရှိတယ်။ တစ်ချိန်က ရပ်ကွက်မှာ လက်လုပ်လက်စားများတော့ ၂၂လမ်းဘက် မီးခြစ်စက်၊ သစ်စက်တွေမှာ လုပ်တဲ့သူတွေ နေ့တိုင်း တံတားကနေ သွားလာကြတယ်။ ခုတော့ ဖြတ်သန်းသွားလာသူနည်းသွားပြီ”ဟု အလယ်ပေါင်ရပ်ကွက်မှ ရွာနေပြည်ထိုင်ဖြစ်သူ ဦးကျော်စိန်ဝင်းက ပြောသည်။

**ချမ်းသာရတံတား**

ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀နှင့် ၉၁လမ်း၊ သင်္ဂဇာချောင်းအရှေ့ဘက်ကပ်လျက်တွင် ရှေးဟောင်းသမိုင်းဝင် ချမ်းသာရဘုရားရှိပြီး ကမ်းနားလမ်းမှ ချမ်းသာရဘုရား အနောက်ဘက်မုခ်ဖြေရင်းသို့ ဆက်သွယ်ထားသည့်တံတားမှာ ချမ်းသာရတံတားဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော် ကြာပြီဖြစ်ပြီး ရှေးဟောင်းသစ်သားတံတားအတိုင်း ယနေ့တိုင်မြင်တွေ့နေရဆဲဖြစ်သည်။ တံတားမှ ကျွန်းတိုင်လုံးများသည် တောင်သမန်(ဦးပိန်)တံတား တိုင်လုံးများကဲ့သို့ အရွယ်လုံးပတ် တူညီသလောက်ရှိပြီး တံတားအလယ်တွင် နားနေနိုင်သော ဇရပ်တစ်ခုပါရှိသည်။ ယနေ့မြင်တွေ့ရသည့် အနောက်ဘက်မှ တံတားအဝင်မုခ်ဦးအဆောင်မှာ အလှူရှင်တစ်ဦး ကောင်းမှုဖြင့် အသစ်တည်ဆောက်ထားသည်ဟု ဆိုပါသည်။

“ဂေါပကအဖွဲ့ကကော်မတီဖွဲ့ပြီး ၁၉၉၀နောက်ပိုင်းမှာ တံတားကြီးပြုပြင်ခဲ့ကြတယ်။ ရေလယ်ဇရပ်မှာ အလှူရှင်မှတ်တမ်းရေးထိုးထားတာ ဒီနေ့ထိရှိတယ်။ ရေလယ်ဇရပ်ရဲ့အရှေ့ဘက်မှာ အခန်းပေါင်း ၃၇ ခန်းနဲ့ အနောက်ဘက်မှာ ၃၂ ခန်း၊ ပေါင်း ၆၉ ခန်းရှိတယ်။ တစ်ခန်းကို ၇ ပေနဲ့ တွက်ရင် ၆၆၅ ပေနဲ့ ရေလယ်ဇရပ်ရောပေါင်းရင် တံတားအရှည်က ပေ ၇၀၀ ကျော်မယ်။ မူလက တံတားအကျယ် ၈ ပေလောက်ရှိပေမယ့် ပြုပြင်ထိန်းသိမ်းရေးလုပ်တော့ နည်းနည်းကျဉ်းလိုက်တယ်။ တိုင်လုံးတွေက မူလတိုင်လုံးတွေပါ။ တချို့လေးထောင့်တိုင်တွေက နောက်မှပြင်ထားတဲ့တိုင်တွေပေါ့”ဟု ချမ်းသာရဘုရားတွင် ယနေ့ထိ ဝေယျာဝစ္စ နှစ် ၄၀ ကြာ ဆောင်ရွက်နေသော မျက်နှာသစ်တော်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာမှုဗိသုကာ ပညာရှင်လည်းဖြစ်သူ ဦးဌေးလွင်က ပြောသည်။

ရှေးတစ်ချိန်က တံတားကြီးသည် ချမ်းသာရဘုရားအနောက်ဘက်မုခ်မှ ဧရာဝတီမြစ်ကမ်းနားလမ်းထိ ရှည်လျား၍ ပေအားဖြင့် ၇၀၀ ကျော်သည်။ ၁၉၉၀ နောက်ပိုင်း ဘုရားအနောက်ဘက်နှင့် သင်္ဂဇာချောင်းဘေးကို ရှင်းလင်းရာ တံတားဟောင်းမှ ပေ ၄၀ လောက်ဖြတ်ချပြီး လမ်းဖောက်ခဲ့သဖြင့် မူလရှေးဟောင်းတံတားအရှည်ထက် လျော့သွားသည်။ ဖြတ်ချလိုက်သောတံတားဟောင်းမှ သစ်များနှင့်တောင်ဘက် လက်ရွေးရပ်ကွက်နှင့် ကြေးနန်းဝင်းရပ်ကွက်ကို သင်္ဂဇာချောင်းဖြတ်တံတားတစ်စင်း ပေါ်ပေါက်လာသည်။ အလှူရှင် ဒေါ်ဝိုက်ကိုအစွဲပြု၍ ဒေါ်ဝိုက်တံတားဟု အမည်တွင်ခဲ့သည်။ ယနေ့တွင် မူလသစ်သားတံတားမရှိတော့ဘဲ ကွန်ကရစ်တံတားအဖြစ် ပြင်ဆင်တည်ဆောက်ထားရာ အောင်မြေမင်္ဂလာတံတားဟု အမည်ပေးထားသည်။

**အောင်မြေမင်္ဂလာ တံတား**

ချမ်းသာရတံတား တောင်ဘက် ကိုက် ၃၀၀ ဝန်းကျင်တွင် သင်္ဂဇာချောင်းဖြတ်ကူးတံတားတစ်စင်းရှိပြီး လက်ရွေးရပ်ကွက်မှ ကြေးနန်းဝင်းနှင့် ဧရာဝတီမြစ်ကမ်းနားလမ်းသို့ ဆက်သွယ်ထားသည်။ ရှေးယခင်က သစ်သားတံတားဖြစ်၍ ယနေ့တွင် ကွန်ကရစ်သံပေါင်တံတား ဖြစ်လာသည်။ အောင်မြေမင်္ဂလာတံတားဟု အမည်ပေးထားပြီး ဆိုင်ကယ်၊ စက်ဘီးများ ဖြတ်ကူးသွားလာနေကြသည်။

သင်္ဂဇာချောင်းကို လှေဖြင့် ဖြတ်ကူးခမှာ တစ်မတ်ပေးရပြီး BOC ဝန်ထမ်း၊ သဘော်ဆိပ်ဝန်ထမ်း၊ မီးခြစ်စက်ဝန်ထမ်းများဖြစ်၍ လစာချငွေရှင်းစနစ်ဖြင့် စီးကြသူများ၊ တစ်ဖက်သို့ သွားလိုသူများက လှေဖြင့် ချောင်းဖြတ်ကူးကြသည်။ သို့ဖြစ်၍ ချမ်းသာရတံတား တောင်ဘက် ကိုက် ၃၀၀ ကျော်ခန့်တွင် ဒေါ်မြရွှေကူးတို့ဆိပ်ရှိခဲ့သည်။ သွားရေးလာရေးလွယ်ကူရန်နှင့် နေ့စဉ် ကူးတို့လှေကူးခ ကုန်ကျမှုမရှိရန် တံတားတည်ဆောက်မည့်အလှူရှင် ပေါ်လာခဲ့သည်။ ထိုအချိန်က သစ်သားတံတားဖြစ်သည်ဟု အသက် ၇၆ နှစ်အရွယ် ဦးဌေးလွင်က ပြောသည်။

“တောင်ဘက်နားမှာ လက်ရွေးတံတားရှိပြီး ချမ်းသာရပုံစံအတိုင်းပဲ။ အဲဒီနားမှာ ဒေါ်မြရွှေကူးတို့ဆိပ်ရှိတယ်။ ထင်းဝင်း၊ ကြေးနန်းဝင်းသွားသူတွေ အနောက်ဘက်ဧရာဝတီမြစ်ဘက်က သဘော်ဆိပ်တို့၊ BOC (ရေနံ)စတဲ့ စက်ရုံတွေကို ဒီကူးတို့ဆိပ်ကနေ လှေနဲ့ အလုပ်သွား၊ အလုပ်ပြန် သွားကြတယ်။ လစာချတဲ့အခါမှ ပေးတယ်။ အသွား အပြန် တစ်မတ်ပဲ။ ဒေါ်မြရွှေကူးတို့ဆိပ်အနီးမှာ တံတားရှိလို့ ဒေါ်မြရွှေတံတား၊ တံတားအလှူရှင်က လက်ရွေးကြီး(မြောက်)ရပ်က ဒေါ်ဝိုက်ဖြစ်လို့ အလှူရှင်ကို အစွဲပြုပြီး ဒေါ်ဝိုက်တံတားဟု ခေါ်ကြတယ်။ တချို့ကလည်း လက်ရွေးရပ်ကွက်မှာရှိလို့ လက်ရွေးတံတားလို့ ခေါ်ကြပြန်တယ်”ဟု ဦးဌေးလွင်က ပြောသည်။

(ဆက်လက်ဖော်ပြပါမည်။)



ခိုင်ဆက်ဝေ

# အလက(တရုတ်စု)၌ (၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြော



**စဉ့်ကိုင် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ.လ.က (တရုတ်စု)တို့ ပူးပေါင်း၍(၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ အ.လ.က(တရုတ်စု)မှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များနှင့်ဆောင်ပုဒ်များ၊ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ပြဋ္ဌာန်းခဲ့သည့် တက္ကသိုလ်အက် ဥပဒေများ၊ အမျိုးသားပညာရေးစနစ်အကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင်များကို(အခမဲ့) ဖြန့်ဝေပေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်းပြသထားသည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် ပြိုင်ပွဲဝင်ပန်းချီ လက်ရာနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်မှတ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၉)

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ဆောင်ရွက်

**သရက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club တို့ ပူးပေါင်းတင်ဆက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၁ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် Book Club အဖွဲ့ဝင် ဦးမြင့်ဆွေ ပညာရေး(ငြိမ်း)နှင့် Book Club အဖွဲ့ဝင် မောင်မင်းသိန်း(သရက်)တို့က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို နယ်ချဲ့အစိုးရတို့က ပြဋ္ဌာန်းခဲ့ပုံအခြေအနေနှင့်ရန်ကုန်တက္ကသိုလ်ဥပဒေကို ကောလိပ်ကျောင်းသားများ စတင်သပိတ်မှောက်ပုံ၊ ကျောင်းသားများရဲ့ သပိတ်မှောက်လှုပ်ရှားမှုကို အင်္ဂလိပ်နယ်ချဲ့အာဏာပိုင်တို့က ဘယ်လိုများ တားဆီးခဲ့ပုံတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

စော်ထက်(သရက်)

၀-၀-၀-၀-၀-၀-၀



# ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား လစဉ်ထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၁၇)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ ထောက်ပံ့မှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ဦးနှင့်ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ထောက်ပံ့မှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် ဘိုးဘွား ၃၀ ဦးအား ငွေကျပ် တစ်သောင်းနှင့် ချို့တဲ့အိမ်ထောင်စု ၇၀ အား ငွေ ကျပ်ငါးထောင်နှင့်တဘက်တစ်ထည်စီ၊ ဆန်နှစ်ပြည်၊ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆားတစ်ထုပ်၊ ဆပ်ပြာတစ်ဘူး၊ စားဖိုချောင်သီးနှံသုံးမျိုးစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့ခဲ့ရာ ယနေ့အထိ (၁၇)ကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းပါဝင်မှုပေါ် မူတည်ပြီးတိုးမြှင့်ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့နိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့ထောက်ပံ့ပေးနိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# မန္တလေးနေ့စဉ် သတင်းစာ

* မန္တလေးနေ့စဉ် တည်ထောင်တာ
တစ်ကိုးကိုးခွန်ပါ ။
နိုဝင်ဘာလ သုံးဆယ်က
စတင်ထုတ်ဝေကြ ။
စာဆိုတော်နေ့ ဖြစ်သေးပြန်
နေ့ထူးရက်မြတ်မှန် ။
ပြည်သူအတွက် မျှော်ကာတွေး
ရည်ရွယ်ထုတ်ဝေပေး ။

* ကာတွန်း၊ ကဗျာ ဆောင်းပါးပါ
ကြော်ငြာများ ဝေဆာ ။
နယ်၊ မြို့သတင်း စုံလင်လှ
မှန်ကန်ကာ တိကျ ။
စည်ပင်သာယာ ကိစ္စတွေ
အမြဲဖော်ပြနေ ။
ကျန်းမာရေးနှင့် ပညာရေး
ကဏ္ဍလည်း စုံသေး ။

* ပြည်သူတို့ထံ အချိန်မှန်
ရောက်ရှိရန် ရည်သန် ။
နေ့၊ ည ခွဲကာ ကြိုးစားကြ
ဝိုင်းတော်သားများက ။
အမှားကင်းစွာ ထွက်ရှိအောင်
စုပေါင်းကာ လုပ်ဆောင် ။
မန္တလေးနေ့စဉ် တိုးတက်ဖို့
ဝိုင်းဝန်းကြိုးပမ်းစို့ ။ ။

အောင်မျိုးမြတ်(မန္တလေး)

**စာအုပ်စာပေ လှူမိတ်ဆွေ ။**




# ရွှေလျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား နိုဝင်ဘာ ၂၂**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ် ၁၂ အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်အခြေခံပညာအလယ်တန်းကျောင်း (ရွာတော်)သို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ (၂၂၀၀) ကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည် ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြသ

မန်ကန်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ နံရံကပ် စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြသခြင်းတို့ကို ယမန်နေ့ နံနက် ၉နာရီက (အ-မ-က)၊ မန်ပန်ကျောင်း၌ ပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာချိုက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် မိမိဘဝတိုးတက်မှု ရရှိလာအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအား မတရားအလုပ်ခိုင်းစေမှုမှ ကာကွယ်ရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများကို ကျောင်းသား၊ ကျောင်းသူများက လိုက်နာဆောင်ရွက်ကြရန်ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ယမန်နေ့ နံနက် ၁၀နာရီက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့က ပန်းချီပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီခွဲက ပင်လုံမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ပါသည်။ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအား စာပေများ လက်ဝယ်အရောက် ငှားရမ်းဖတ်ရှုနိုင်ရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာဖတ်စွမ်းရည်မြှင့်တတ်စေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ စာဖတ်ပရိသတ်များထံ လက်ဝယ်အရောက် ငှားရမ်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပြည်သူ့စာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

ပြည်သူများအကြား စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာပေအပေါ်ချစ်မြတ်နိုးတတ်စေရန် စာပေဖြင့်ဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်သူများ Book Club အဖွဲ့နှင့်ပူးပေါင်း၍ စာဖတ်ဝိုင်းပြုလုပ်ခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။ စာပေချစ်သူများ စာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်တင်မာဦးက စာဖတ်ဝိုင်းပြုလုပ်ပေးခြင်းသည် စာပေ၏တန်ဖိုးကို သိရှိနားလည်စေရန် စာပေမြင့်လျှင် လူမျိုးတင့်မည် စာဖတ်ခြင်းသည်မိမိတို့အတွက် များစွာအကျိုးဖြစ်ထွန်းလာစေမည် စသည့် ရည်ရွယ်ချက်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



### မန္တလေး ဆေးပညာပထမနှစ် (၁၁/၂၀၂၄) သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူများအား တွေ့ဆုံပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**

ဆေးတက္ကသိုလ်-မန္တလေး၊ ဆေးပညာပထမနှစ်(၁၁/၂၀၂၄) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူများအား တွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၇၃လမ်းထောင့်ရှိ ဆေးတက္ကသိုလ်-မန္တလေး၊ မန်းရတနာပုံ (ဇီဝက) ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဆေးပညာပထမနှစ် (၁၁/၂၀၂၄) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာသင်နှစ်အလိုက် သင်ကြားပေးမည့်အစီအစဉ်များနှင့် ကျောင်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်-မန္တလေး၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီး ဘာသာရပ်ဆိုင်ရာ ဌာနမှူးများကိုယ်စား ရောဂါဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူးပါမောက္ခ ဒေါက်တာစန်းစန်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဆေးတက္ကသိုလ်-မန္တလေး၊ ဌာနမှူး(စီမံ/ဘဏ္ဍာ) ဒေါ်ခင်စိုးရီက တက္ကသိုလ်စည်းမျဉ်း၊ စည်းကမ်းများနှင့် စာမေးပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယခုပညာသင်နှစ်တွင် ဆေးတက္ကသိုလ်-မန္တလေးသို့ ဆေးပညာပထမနှစ်(၁၁/၂၀၂၄) သင်တန်းဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၄၀ ဦးရှိကြောင်း သိရသည်။

**(ဝဇ၃)**

### မီးသဂြိုဟ်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် ငွေလှူဒါန်း

**မော်လမြိုင် နိုဝင်ဘာ ၂၂**

ကွယ်လွန်သူမိဘများအား ရည်စူး၍ မန္တလေးမြို့နေ ဦးမောင်မောင်လှတင့်+ဒေါ်ညိုမြသက် မိသားစုတို့က မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာသုသာန်တွင် ပြုပြင်တည်ဆောက်လျက်ရှိသော မီးသဂြိုဟ်စက် အအေးခန်းနှင့် အခမဲ့ မီးသဂြိုဟ်ခြင်းလုပ်ငန်းတို့တွင် အသုံးပြုရန် အလှူငွေ ငါးသိန်းငါးသောင်းကျပ်လှူဒါန်းခြင်းကို ယနေ့ ညနေ၄နာရီက မော်လမြိုင်မြို့ မောင်ငံရပ်ကွက်တွင် ကျင်းပခဲ့သည်။ လှူဒါန်းငွေများကို မော်လမြိုင် မီးသဂြိုဟ်စက်နှင့် အအေးတိုက် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချိုချိုနှင့်ကော်မတီအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



### ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၂**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်ရာ ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ သင်တန်းသားသံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(မမ္မာစရိယ၊ B.A)က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး အလှူရှင် မန္တလေးမြို့နေ ဒေါ်မြင့်မြင့်စိန် မိသားစုက ဒေါ်မြင့်မြင့်စိန်၏ (၈၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၅ သိန်း ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းအလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ကဆ)**



### နယ်စပ်တောင်တန်းဒေသသို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဇ မဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းဒေသ (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ပုသိမ်ကြီးမြို့နယ် နမ်းကြဲအုပ်စုနေ ဘဒ္ဒန္တဒေါက်တာသုဇနစာရ(သစ္စာမြေကျောင်းတိုက်) အရှင်သူမြတ်က ကထိန်ပဒေသာပင် တစ်ပင် တန်ဖိုးငွေကျပ် တစ်သိန်း တစ်သောင်းကို ယမန်နေ့က ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းသို့ လာရောက်လှူဒါန်းရာ အသင်းရုံးဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် မြရွှေသွေးချယ် (၁၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ပဒေသာပင် သုံးပင်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မြေးမလေး မြရွှေသွေးချယ် Alice မွေးနေ့ အထိမ်းအမှတ် ဦးထွန်းကြည်+ဒေါ်အုန်းအုန်းမြင့် (နန်းဦးရတနာ) မိသားစုက ကထိန်ပဒေသာပင် ခုနစ်ပင်၊ မန္တလေး အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးနေလင်းအောင်+ဒေါ်နန်းဥမ္မာ၊ နန်းဦးရတနာ မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် Virgo-Fashion ဆိုင် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ မိဘနှစ်ပါးအားရည်စူး၍ (သမီး)မမင်းမင်းစိုး(ကြယ်တာရာရွှေဆိုင်)က ပဒေသာပင် နှစ်ပင်၊ မန္တလေး မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဒေါ်အုံးကြည်အား အမှူးထား၍ ဦးမျိုးဝင်းနိုင်+ဒေါ်နွယ်နွယ်လွင်၊ (သား)ဖြိုးမင်းခန့်၊ (သမီး)မဆုလင်းထက်(ငွေလရောင်ရွှေဆိုင်)က ပဒေသာပင် နှစ်ပင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**

# ရေပေးရေးဝန်ထမ်းမိသားစုများ၏ လစဉ်တွေ့ဆုံပွဲ

**(၂၂-၁၁-၂၀၂၄) စာမျက်နှာ-၁၀မှ အဆက်**

စီမံကိန်းကာလ (၁၉၈၃-၁၉၉၂)ခုနှစ်အတွင်း ကုန်ဈေးနှုန်းကလည်း သိပ်ပြီး ကြီးမားခြင်းမရှိဘဲ ဝန်ထမ်းတွေအတွက်ရသည့်လခနှင့် စားသောက်နိုင်သည့်ကာလပေါ့ ဝန်ထမ်းအချင်းချင်း ချစ်ချစ်ခင်ခင်နှင့် စကြ၊ နောက်ကြ ညီအစ်ကိုမောင်နှမတွေလိုနေကြနှင့် ပျော်စရာကာလတွေပါ။ အချို့ လူပျို၊ အပျိုတွေလည်း အချင်းချင်း အိမ်ထောင်ကျသွားကြတယ်။ ပျော်စရာနှင့် သတိရအောက်မေ့စရာကာလတွေပါ။

စာရေးသူက ဝယ်ယူရေးဌာနမှူးဆိုတော့ အလုပ်များပါတယ်။ ဝယ်ယူရေးဌာနက ပြည်တွင်းဆောက်လုပ်ရေးသုံးပစ္စည်းတွေဖြစ်သည့် သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သစ်ခွဲသားနှင့် အခြားပစ္စည်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လိုအပ်ချက်အတိုင်း အချိန်မီ အတတ်နိုင်ဆုံး ဝယ်ယူပေးခဲ့ရပါတယ်။ ပြည်ပပစ္စည်းဖြစ်သည့် ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ(ပိုက်အရှည် ၂၀၃ မိုင်ခန့် ) ရေမီတာလုံးရေ ၅၀၀၀၀၊ ရေတွန်းစက်များ၊ Vartical Turbine Pump များ၊ ရေလုံပစ္စည်းများ၊ ဂါလန် တစ်သိန်းဆံ့ စင်မြင့်ရေလှောင်ကန်နှစ်ခုနှင့် ဆက်စပ်ပစ္စည်းများ၊ Cranage ၊ ရေတွင်းတူးစက် (Drilling Rig) မြေတွန်း၊ မြေတူး၊ မြေတင်စက်များ၊ Transporter Truck များ၊ တွင်းပိုက်၊ ဆန်ခါနှင့် ဆက်ပစ္စည်းများ၊ Telementry System Crlorination Plant နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးကိရိယာပစ္စည်းများ စသည်ဖြင့် အမေရိကန်ဒေါ်လာ ၁၇ သန်းခန့် ဝယ်ယူပေးခဲ့ရပါတယ်။ ဝယ်ယူရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခြင်း၊ စိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ အတည်ပြုချက်ရယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ပစ္စည်းမှာခြင်း၊ ပစ္စည်းရောက်ပါက ဆိပ်ကမ်းသို့ သွားရောက်၍ ရွေးထုတ်ရခြင်း၊ သိုလှောင်ရုံအရောက် ကုန်တင်တွဲများ၊ ကားကြီးများဖြင့် ပို့ဆောင်ရခြင်း စသည်တို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရပါတယ်။ စာရေးသူမှာ ပြည်ပပစ္စည်းဝယ်ယူရေးအတွက် ပစ္စည်းဝယ်ယူရေးဆိုင်ရာ ကျွမ်းကျင်မှုကော်မတီအတွင်းရေးမှူးဖြစ်ပါတယ်။ ရွေးချယ်ခြင်းခွင့်ပြုချက်ရယူရန်အတွက် စီမံကိန်းမန်နေဂျာမှတစ်ဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်းရေးကော်မတီ(PICE)သို့ တင်ပြခွင့်ပြုချက်ယူရပါတယ်။ ဥက္ကဋ္ဌမှာ တိုင်းကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ညို၀င်း(အငြိမ်းစား) ဖြစ်ပါတယ်။ ပစ္စည်းတန်ဖိုး ဒေါ်လာတစ်သိန်းအထက်ရှိပါက အာရှဖွံ့ဖြိုးရေးဘဏ်သို့ တင်ပြခွင့်ပြုချက်ယူရပါတယ်။စာချုပ်ချုပ်ဆိုခွင့်ပြုပြီးသည့်နောက် ပစ္စည်းများပို့၍ သတ်မှတ်သည့်အတိုင်း လက်ခံရရှိပြီးသည့်နောက် PICEဥက္ကဋ္ဌထံသို့ စီမံကိန်းမန်နေဂျာမှတစ်ဆင့် တင်ပြပြီး ခွင့်ပြုပါက ငွေစာရင်းဌာနမှ ငွေထုတ်ပေးရပါတယ်။ စီမံကိန်းမန်နေဂျာ၏ ဦးဆောင်ကြီးကြပ်မှုအောက်တွင် ဌာနအားလုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ညီလက်ညီ ဆောင်ရွက်ခဲ့မှုကြောင့် စီမံကိန်းကြီးပြီးစီးအောင်မြင်ခဲ့ပါတယ်။ စီမံကိန်းကာလအတွင်း စာရေးသူနှင့်အတူ ဦးမျိုးအောင်(ယခု-ဝန်ကြီးချုပ်)၊ ဦးဟင်နရီ(ငြိမ်း)၊ ဦးတင်မောင်လေး၊ ဒေါ်ခင်မေဌွေး၊ ဒေါ်မြမြမိုးတို့ ပိုက်ဝယ်ယူရေးနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံ၊ ဦးတင့်လွင်က ရေမီတာဝယ်ယူရေးနှင့် ပတ်သက်၍ အင်္ဂလန်နိုင်ငံသို့ သွားရောက်လေ့လာခွင့်ရခဲ့ကြပါတယ်။

စာရေးသူတို့ မိသားစု(၄)ယောက် ၁၉၈၄ ခုနှစ်မှာ မန္တလေးသို့ ပြောင်းလာခဲ့ပြီး ၆၄လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားရှိ ဝန်ထမ်းအိမ်ရာမှာ နေခဲ့ရပါတယ်။ နေခဲ့စဉ်အတွင်း ဦးမင်းစိန်၊ အန်တီမာတို့မိသားစု၊ ဦးတင်ဆွေတို့မိသားစု၊ ဒေါ်ခင်နှင်းလွင်မိသားစုတို့နှင့်အတူတူ ချစ်ခင်ပျော်ရွှင်စွာနေခဲ့ကြရပြီး ယနေ့တိုင် မမေ့နိုင်ဘဲ အမှတ်ရနေဆဲပါ။ စာရေးသူမှာ လာမည့် ဒီဇင်ဘာ ၉ ရက်တွင် (၇၅)နှစ်သို့ ရောက်ပါတော့မယ်။ အချိန်တွေကုန်လွယ်ပါတယ်။ ဘယ်လောက်ကြာကြာ နေရဦးမလည်း မသိနိုင်ပါ။ ဒီဇင်ဘာ ၁ ရက် မိသားစုတွေ့ဆုံပွဲမှာ မွေးနေ့အကြိုအဖြစ် အာဟာရဒါနအလှူရှင်အနေနှင့် ကျွေးမွေးသွားမှာဖြစ်ပါတယ်။ (၁၂)ကြိမ်မြောက် တွေ့ဆုံပွဲကို အချိန်ပေးနိုင်ပါက လာရောက်တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါတယ်။ တွေ့ဆုံပွဲကိုလည်း လစဉ် မပျက်မကွက် ဆောင်ရွက်ကျင်းပသွားနိုင်ကြဖို့နှင့် အာဟာရဒါနအလှူရှင်များ လစဉ်မပြတ် ပေါ်ပေါက်ပါစေလို့ ဆန္ဒပြုရင်း .....။

**ထွန်းထွန်း**

# တာဝန်ထမ်းဆောင်ကြသည် ဆိုရာဝယ်

**နိုင်ဗလ**

**(၂၀-၁၁-၂၀၂၄) စာမျက်နှာ-၁၇မှ အဆက်**

က·က·ပုံ့တွင် မြင်ရစဉ် ဥပမိရုပ်ကောင်းကောင်း စမတ်ကျကျဖြင့် အရာရှိကို မြင်ဖူးသလို ခံစားမိနေခဲ့သည်။ နောက်ပိုင်း နှစ်ကြိမ်၊သုံးကြိမ် ခန့်သွားမှ မှတ်မိလာသည်။ ဦးခင်မောင်မြင့်၏ ဇနီးသည် နန်းရွှေ အ·လ·က(၁၁)ကျောင်းမှ ဆရာမဖြစ်သည်။ ထိုစဉ်ကတည်းက သိရှိနေခဲ့ပြီး ဆရာမကို အကြောင်းပြု၍ မြင်ဖူးနေခြင်း ဖြစ်သည်။ မိမိကျောင်းနေစဉ်ကတည်းက နန်းရွှေသည် ကျွန်တော်၏ အမြဲသွားလာနေကျနေရာဖြစ်သည်။ န·ဝ·တ ပတ္တမြားကြီးနှင့်ပတ်သက်၍ နိုင်ငံတော်က ပေးအပ်သော နစ်နာကြေးဖြင့် အ·လ·က(၁၁)တွင် ပတ္တမြားကျောင်းဆောင်ကို ယောက္ခမဖြစ်သူ မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုစဉ်ကတည်းကပင် ဆရာမ (ဦးခင်မောင်မြင့်၏ဇနီး)ကို သိရှိခဲ့ခြင်း ဖြစ်သည်။ ဆရာမကိုအကြောင်းပြု၍ ဦးခင်မောင်မြင့်အား မြင်ဖူးခဲ့ခြင်းဖြစ်သဖြင့် စတွေ့ကတည်းက ရင်းနှီးသလိုဖြစ်ခဲ့သည်။ ဦးခင်မောင်မြင့်သည် စည်းကမ်းစနစ်ကြီးသည်။ လုံခြုံရေးသတိရှိသည်ကို ထိုစဉ်ကတည်းက သတိထားမိသည်။ နောက်ပိုင်း မန္တလေးနေ့စဉ်တွင် ဆုံတွေ့၍ အတူတကွ တာဝန်ထမ်းဆောင်သည့်အခါ သူ၏ စိတ်ရှည်သည်းခံနိုင်မှု၊ စည်းစနစ်ကျနမှု၊ စိတ်ထားကောင်းမွန်မှုတို့ကို အသိအမှတ်ပြု လေးစားခဲ့ရသည်။ ကျွန်တော်တို့ အယ်ဒီတာအဖွဲ့နှင့်အတူ နေ့မအားညမနား တာဝန်ထမ်းဆောင်ခဲ့သည်က ဘ၀အတွက်၊ မန္တလေးနေ့စဉ်သမိုင်းအတွက် အမှတ်တရဖြစ်စေသည်။

က·က·ပုံ့မှ သူငယ်ချင်း ကျော်စိုးဦးအား ခဏတွေ့ဆုံပြီး ဆေးရုံသို့ အမြန်ပြန်ခဲ့သည်။ ဆေးသူနာပြုများက ဖခင်ကို ဂရုတစိုက် ကြည့်ရှုပေးထားသည်။ ဖခင်၏နံဘေးတွင် ထိုင်၍ စကားစမြည် ပြောဆိုနေကြသည်ကို တွေ့ရသည်။ ဖခင်အား ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပေးပြီး ဆေးရုံအား တစ်ပတ်ပတ်၍ လူဟောင်းများ မရှိနိုင်တော့သည်ကို သိသော်လည်း ရှာဖွေနေမိသည်။ နိုင်ငံတော်သမ္မတကြီး(ငြိမ်း) ဦးစန်းယု၊ လက်ဝှေ့ကျော်ကြီး မစ္စတာဘားဝါး၊ ဗမာပြည် ကွန်မြူနစ်ပါတီမှ ဦးလွင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း စစ်ဆင်ရေးများတွင် ဒဏ်ရာရရှိခဲ့သော နှစ်ရှည်ဆေးရုံတက်ရသည့် ဆရာကြီးကျော်သောင်း၊ ဆီးခုံတွင် ကျည်ဝင်၍ အညစ်အကြေးအိတ်ဖြင့်နေရသော ကရင်လေး၊ ကွယ်လွန်သွားပြီဖြစ်သော ရေဘဲကြီးတို့ကို သတိရစွာဖြင့် အခန်းပေါက်စေ့ လိုက်ကြည့်မိသည်။ ဖခင်ဆေးရုံတက်ခဲ့စဉ်က ရက်လများစွာ ကြာခဲ့သလို သံယောဇဉ်လည်း များစွာတွယ်ခဲ့ရသည်။ ဗဟုသုတလည်း များစွာရခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်ကြီးနှင့် ဆရာကြီး ကျော်သောင်းတို့ စစ်ဆင်ရေးအကြောင်း ပြောရင်းစကားများကြသဖြင့် လူချင်းခွဲထားခဲ့ရဖူးသည်။ ဆေးထည့်ချိန်တွင် ကြောက်လန့်နာကျင်စွာဖြင့် ကျွန်တော့်လက်အား အတင်းဆွဲထားတတ်သည့် ဆရာကြီး ကျော်သောင်းအား သတိရမိသည်။ နောက်ပိုင်းတွင် ဖခင်အနီးတွင်ရှိသော လူနာအတော်များများကို ကျွန်တော်ကိုယ်တိုင် သူနာပြုများနှင့် နေ့စဉ် ဆေးထည့်ပေးခဲ့ရဖူးသည်။ ဗိုက်ကွဲ၊ အူပြတ်၊ လက်ပြတ်၊ ခြေပြတ်၊ သေလုမျောပါး လူနာများနှင့် လက်ပွန်းတတီးနေခဲ့ရသည်။ စာနာသနားစွာဖြင့် စိတ်ရောကိုယ်ပါ ကူညီပြုစုပေးခဲ့သည်။ လူနာဟောင်းများက မရှိတော့၊ ဆေးစတိုဌာနသို့ သွားသည်။ သူငယ်ချင်းဝင်းကို ရှိနေသေးသည်။ လိုအပ်သမျှ သူတာဝန်ယူမည်ဖြစ်ကြောင်း ပြောသည်။ ယခင်တပ်မှူးအကြောင်းမေးရာ နယ်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ပြောသည်။

ဖခင်အနီးသို့ ပြန်ရောက်သောအခါ တစ်ဖက်ခုတင်တွင် လူနာသစ်ရောက်နေသည်ကို တွေ့ရသည်။ သားနှင့် သမီးတို့ လိုက်ပါလာသည်။ သားနှင့် သမီးမှာ အသက်(၂၀)ကျော် နုပျိုပြုံးရွှင်၍ ချစ်ခင်ဖွယ်ကောင်းသော စကားပြောချိုသာသော ညီငယ်၊ ညီမငယ်များဖြစ်သည်။ လူနာမှာ ယခင်က အမှတ်(၂)ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိဟောင်းတစ်ဦးဖြစ်သည်။ မြန်မာ့လက်ရွေးစင်လက်ဝှေ့သမားတစ်ဦး ဖြစ်သည်။ လူနာမှာ အရပ်ထောင်ထောင်မောင်းမောင်း တောင့်တောင့်တင်းတင်းဖြစ်သည်။ ခန္ဓာကိုယ်ထွားကြိုင်းပြီး လေဖြတ်လူနာဖြစ်သောကြောင့် မနိုင်မနင်းပြုစုရသည်။ ကျွန်တော် ဝင်ရောက်ကူညီလုပ်ကိုင်ပေးခဲ့ရသည်။ ထိုလက်ရွေးစင်လက်ဝှေ့သမားအရာရှိသည် ငယ်စဉ်က အားကစားတာဝန်ဖြင့် နိုင်ငံတစ်ခုသို့ သွားရောက်ခဲ့ရာမှ ဗဟုသုတအလို့ငှာ လျှောက်လည်ခဲ့သည်။ လူလူချင်းခွဲခြားဆက်ဆံမှုများနှင့် ကြုံခဲ့ရပြီး ထိုလူမျိုးအား အမြင်မကြည်သောစိတ် စွဲလာခဲ့သည်။ ယခုမထူမထနိုင်သည့် အခြေအနေတွင်ပင် လူမျိုးခြားဆေးဝန်ထမ်းလာပါက ဒေါသများထွက်၍ မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ ဝူးဝါးဝူးဝါးအော်လေ့ရှိသည်။ လူမျိုးခြားဆေးဝန်းထမ်းများကလည်း ဗိုလ်ကြီးရေ ထိုးချင်လည်းထိုးပါခင်ဗျာ။ လုပ်ပေးပါရစေဟု ဆို၍ ပြုံးပြုံးရွှင်ရွှင် လုပ်ကိုင်ပေးကြပါသည်။ ထိုဗိုလ်ကြီးအကြောင်း သိပြီးဖြစ်၍ ခွင့်လွှတ်ကြသည်။ ထိုဗိုလ်ကြီး၏ ရုံးခန်းပေါက်တွင်ပင် လူမျိုးခြား မဝင်ရ ဆိုင်းဘုတ်တပ်ထားကြကြောင်း ပြောပြသည်။ ဗိုလ်ကြီးအောင်ဝင်း(အမည်လွှဲ)သည် သံလျင်တွင် နေထိုင်ကြပြီး သားငယ်မှာ သင်္ဘောသားဖြစ်သည်။

ထိုသင်္ဘောသားလေးနှင့်လည်း ညီအစ်ကိုပမာ လူနာပြုစုရင်း ခင်မင်ခဲ့ကြသည်။ မိမိတို့ ဝါ့ဒ်သို့ အမျိုးသမီးအရာရှိ ဆရာဝန်တစ်ဦး ရောက်လာသည်။ ဝန်ကြီးတစ်ပါး၏ သမီးဖြစ်သည်။ ရုပ်ရည်ချောမောသလောက် သဘောလည်း ကောင်းလှသူဖြစ်သည်။ သူ၏ ထူးခြားချက်မှာ ဝိုင်းစက်လှပသော မျက်ဝန်းပိုင်ရှင်ဖြစ်ခြင်းပင်၊ သူ့ကို ကျွန်တော်တို့က အမည်ဝှက် ပေးထားသည်။ ထိုအမည်ဝှက်မှာ ကာလီ ဖြစ်သည်။ မျက်လုံးပြူးကလေးဖြင့် လှပသော ရွှေငါးမျိုးစိတ်တစ်ခုကို ကာလီဟု ခေါ်သည်။ ထိုမျက်လုံးပြူးရွှေငါးအမည်အား ပေးထားခြင်း ဖြစ်သည်။ထိုဆရာဝန်မလေးက စာဖတ်ဝါသနာပါသည်။ ကျွန်တော့်ထံမှ စာအုပ်များကို နေ့စဉ် ငှားရမ်းဖတ်ရှုလေ့ရှိသည်။ကျွန်တော့်တွင် ပါလာသော စာအုပ်များအပြင် အချိန်ရက ပဲခူးကလပ်မှတ်တမ်းရုံးမှ သူငယ်ချင်းများနှင့် ဗြိတိသျှသံရုံးစာကြည့်တိုက်မှ စာအုပ်များငှားရမ်းထားလေ့ရှိသည်။ (ဗြိတိသျှသံရုံးစာကြည့်တိုက်တွင် အသင်းဝင်ကတ်ပြားလုပ်ထားသည်။)အချိန်ရ၍ သတင်းချိန်နှင့်ကြုံလျှင် သတင်းခန်း၌ ဂြိုဟ်တုစလောင်းဖြင့် မြန်မာနိုင်ငံတကာရုပ်သံသတင်းများလည်း ကြည့်ရှုခဲ့ရသည်။ ဆရာမ ကာလီ ဖတ်ချင်သော စာအုပ်အချို့ကိုလည်း ငှားရမ်းပေးခဲ့သည်။ လူနာရဲဘော်လေးများက မုန့်စားချင်၍ မုန့်ဖိုးတောင်းလျှင်လည်း ပြုံးရွှင်စွာဖြင့် ပေးတတ်သော ဆရာဝန်မလေး ဖြစ်သည်။ ရသမျှလစာမှာ မလောက်ကြောင်း၊ မုန့်ဖိုးပေးသည်နှင့်ကုန်ကြောင်း၊ အဖေမသိအောင် မိခင်ထံမှ တောင်းသုံးနေရကြောင်း ရယ်မော၍ ပြောတတ်သည်။

**(ဆက်လက်ဖော်ပြပါမည်။)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ရန် ဆောင်ရွက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၂

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည်နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ပျက်ပြားစေရန် ရည်ရွယ်၍ တရားမဝင် NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာ ဘွဲ့လက်မှတ် အတုများပြုလုပ်ကာ ပြည်ပ တက္ကသိုလ်များတွင် ပညာ သင်ကြားနိုင်သည်ဟု မက်လုံးများ ပေးပြီး လိမ်လည်ဆောင်ရွက် လျက်ရှိသဖြင့် ယုံမှားခဲ့သည့် ကျောင်းသားကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာ သင်ကြားရန်လျှောက်ထားရာတွင် တရားဝင်မှု မရှိသောကြောင့် သက်ဆိုင်ရာ တက္ကသိုလ်များမှ လက်မခံသည့်အတွက် ကျောင်း တက်ရောက်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဆေးတက္ကသိုလ် (မန္တလေး)မှ Final Part II ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်၊ ဖေဖော်ဝါရီ ၈ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း သုံးကြိမ် သတင်းပို့ တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်း ဖောက်ဖျက်ခဲ့သူ မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ်နေ ဆုပြည့်မျိုးသွက်နှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်၊ ၂၀၂၄ ခုနှစ် မေ ၆ ရက် တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း သုံးကြိမ် သတင်းပို့ တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်း ဖောက်ဖျက်ခဲ့သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ မြို့နယ်နေ သဇ္ဇာထက်တို့ နှစ်ဦး အား ဆေးတက္ကသိုလ် (မန္တလေး) မှ ထုတ်ပယ်ထားခဲ့သည်။

၎င်းတို့နှစ်ဦးသည် အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး) ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ ဝန်ထမ်း (Disloyalty Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ဟောင်း) မှ တရားမဝင် ထုတ်ပေးခဲ့သည့် ယာယီဆေးပညာ ဘွဲ့လက်မှတ် အတုတို့ဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့် ရရှိရေးအတွက် တရားမဝင် လျှောက်ထားခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အဆိုပါကျောင်းသူ နှစ်ဦး၏ တက္ကသိုလ်တက်ရောက်ခွင့်လျှောက်ထားမှုနှင့် ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာ ဘွဲ့လက်မှတ်များကို အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ် (မန္တလေး)သို့ အကြောင်းကြားလာသည်။

နိုဝင်ဘာ ၂၀ ရက်တွင် အဆိုပါ ယာယီဆေးပညာ ဘွဲ့လက်မှတ်ကို စစ်ဆေးအတည်ပြုခဲ့ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပေးထားသော ဘွဲ့လက်မှတ်များမဟုတ်ဘဲ ဘွဲ့လက်မှတ်အတုများဖြစ်၍ တရားမဝင်ကြောင်း ပြန်လည်အကြောင်းကြားခဲ့သည့်အတွက် Chulalongkorn တက္ကသိုလ်မှ ၎င်းတို့နှစ်ဦးအား တက္ကသိုလ် တက်ရောက်ခွင့် လက်မခံခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ❑



သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ဟောင်း) ကို တွေ့ရစဉ်။



ဆုပြည့်မျိုးသွက် ၂၆ နှစ် (ဘ) ဦးမျိုးခိုင်ကို တွေ့ရစဉ်။



သဇ္ဇာထက် ၂၅ နှစ် (ဘ) ဦးဉာဏ်ဖြိုးကို တွေ့ရစဉ်။



တရားခံ သီဟန်းချမ်း (ခ) သိန်းဝင်းကို တွေ့ရစဉ်။



တရားခံ သက်ထက်ဦး (ခ) ဝင်းထက်မြတ်ကို တွေ့ရစဉ်။



M2 နိုတြီဆိုင်ပိုင်ရှင် တရားခံ မြတ်မင်းသူ ၃၀ နှစ် ကို တွေ့ရစဉ်။



နိုတြီပြုလုပ်ရာတွင်အသုံးပြုခဲ့သည့် တရားခံမြတ်မင်းသူ၏ Laptop နှင့် ဖုန်းကို တွေ့ရစဉ်။



တရားခံ သီဟန်းချမ်း(ခ) သိန်းဝင်း၏ နိုတြီပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် တံဆိပ်တုံးများနှင့် ဖုန်းကို တွေ့ရစဉ်။






အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုကို တွေ့ရစဉ်။




အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဇ္ဇာထက်၏ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုကို တွေ့ရစဉ်။




ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဆန်းဝင်းရပ် ၃၉×၄၀ ကြား အကွက် (၅၂၄) ၈၅ လမ်းနေ ဆုပြည့်မျိုးသွက်၏ Notary အတုကို တွေ့ရစဉ်။




ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အောင်စေရုံရပ် မြို့ပတ်လမ်း အမှတ် (၁)နေ သဇ္ဇာထက်၏ Notary အတုကို တွေ့ရစဉ်။

# ပြည်ပမှစက်သုံးဆီများ လုံလောက်စွာတင်သွင်းဖြန့်ဖြူးပေးမှုကြောင့် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိသည့်အပြင် အရန်ဆီများထားရှိနိုင်ပြီး ရောင်းဈေးနှုန်းများလည်း ဆက်တိုက်ကျဆင်းနေ

## အများပြည်သူခရီးသွားလာမှု အဆင်ပြေသည့်အပြင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို များစွာအထောက်အကူပြု

နေပြည်တော် နိုဝင်ဘာ ၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ စီမံဆောင်ရွက်မှု၊ လိုအပ်သည့်စက်သုံးဆီဖိုး နိုင်ငံခြားသုံးငွေများကို အချိန်မီ လုံလောက်စွာ ဝယ်ယူပေးချေနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုတို့ကြောင့် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက်ရှိသည်။

ထို့ကြောင့် အရန် စက်သုံးဆီအပါအဝင် စက်သုံးဆီများကို ဖူလုံစွာသိုလှောင်ထားရှိနိုင်ပြီး နေ့စဉ်လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြည်တွင်းရောင်းဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိသဖြင့် အများပြည်သူ ခရီးသွားလာမှု အဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း များစွာ အထောက်အကူပြုကြောင်း သိရသည်။ သတင်းစဉ်











❑ စာမျက်နှာ ၁၈ မှ

အဆိုပါ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများအား ပြုလုပ်ပေးသူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၅) လမ်း တိုက်အမှတ်(၃၅) တတိယထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသည့် သိဏ်းချမ်း(ခ)သိန်းဝင်း (B.A; H.G.P;R.L;) Notary Public က တရားမဝင် Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည့်အတွက် နိုဝင်ဘာ ၂၁ ရက်တွင် တရားမဝင် Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်နေ တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်းနှင့် သဃ်န်းကျွန်းမြို့နယ်နေ တရားခံ သက်ထက်ဦး(ခ)ဝင်းထက်မြတ်တို့ နှစ်ဦးအား ၎င်းတို့ရုံးခန်း၌ စာရွက်စာတမ်းများ အတုပြုလုပ်ရာတွင်အသုံးပြုသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် တရားခံ သိဏ်းချမ်း (ခ)သိန်းဝင်း၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး) ယာယီဆေးပညာဘွဲ့ လက်မှတ်အတုအား ဘာသာပြန်ပေးခဲ့သည့် ကျောက်တံတားမြို့နယ်ရှိ M2 နိုတြီ ဘာသာပြန် ဆိုင်မှ ဆိုင်ပိုင်ရှင်ဖြစ်သူ မြတ်မင်းသူအား သက်သေခံပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်ပါ၍ တရားမဝင်ယာယီဆေးပညာဘွဲ့ လက်မှတ်အတု ထုတ်ပေးခဲ့သည့် တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး) ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant-DCS)ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ် - မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)၊ တရားမဝင်ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုတို့ဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့သူ ဆုပြည့်မျိုးသွက်နှင့် သဉ္ဇာထက်တို့ နှစ်ဦးအား Black List (အမည်မည်းစာရင်း) ကြေညာ၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီမှ ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့ လက်မှတ်အတုတို့အား Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့သည့် ဖမ်းဆီးရမိတရားခံ သိဏ်းချမ်း (ခ)သိန်းဝင်း၊ သက်ထက်ဦး(ခ)ဝင်းထက်မြတ်နှင့် မြတ်မင်းသူတို့ သုံးဦးနှင့်အတူ ပါဝင်ပတ်သက်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏ သား/သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော တက္ကသိုလ်များတွင်သာ တက်ရောက်ပညာသင်ကြားစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ တရားမဝင်တက္ကသိုလ်များတွင် စာသင်ကြားမှုများ မပြုလုပ်ရန်၊ အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော NUG မှ တရားမဝင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်


Letter of Consent to Disclose Information to Chulalongkorn University

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဉ္ဇာထက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုကို တွေ့ရစဉ်။


Letter of Consent to Disclose Information to Chulalongkorn University

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုကို တွေ့ရစဉ်။


Certified True Copy
U THEIN CHAN (B.A;H.G.P;R.L;)
NOTARY PUBLIC
DOC: NO

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဉ္ဇာထက်၏ အမှတ်စာရင်းအတုကို တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ အမှတ်စာရင်းအတုကို တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များက အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်



နေပြည်တော် နိုဝင်ဘာ ၂၂

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ (၂၃)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ

စာမျက်နှာ ၇ သို့ ❍

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို ကြည့်ရှုအားပေးစဉ်။

## 2024-2025 ယူအီးအက်ဖ်အေ နေရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

2024-2025 ယူအီးအက်ဖ်အေ နေရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ မဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက ဆွစ်ဇာလန်နိုင်ငံ၊ နီယွန်မြို့ရှိ ယူအီးအက်ဖ်အေ ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

၂၀၂၄-၂၀၂၅ ယူအီးအက်ဖ်အေ နေရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် အီတလီအသင်းနှင့် ဂျာမနီအသင်း၊ ဒိန်းမတ်အသင်းနှင့် ပေါ်တူဂီအသင်း၊ နယ်သာလန်အသင်းနှင့် စပိန်အသင်း၊ ခရိုအေးရှားအသင်းနှင့် ပြင်သစ်အသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။




2024-2025 ယူအီးအက်ဖ်အေ နေရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အား နှစ်ကျော့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပထမအကျော့အား ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်နှင့် ဒုတိယအကျော့အား မတ် ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀

## MNL အမှတ်ပေးပြိုင်ပွဲတွင် ဟံသာဝတီနှင့် ရခိုင်ယူနိုက်တက် သရေကျ

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ပထမနေ့အဖြစ် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယနေ့တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။

အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် ဟံသာဝတီယူနိုက်တက်အသင်း ခြေချော်သွားပြီး တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေသည့် ဇယားအောက်ဆုံးမှ ရခိုင်ယူနိုက်တက်အသင်းအတွက် အဖိုးတန် သရေတစ်မှတ်ဖြစ်ခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် နေလင်းထက်(ဂိုး)၊ သန်းတိုးအောင်၊ ရန်နိုင်အောင်၊ လားဒင်မောရ၊ ဝင်းမိုးကျော်၊ စိုးကျော်ကျော်တို့ဖြင့် လူစုံနီးပါး ပွဲထွက်လာပြီး ရခိုင်ယူနိုက်တက်အသင်းကလည်း နိုင်ငံခြားသား ကစားသမား ငါးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၈ မိနစ်တွင် ဝင်းမိုးကျော်၊ ၅၄ မိနစ်တွင် လတ်ဝေဘုန်းတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၃၄ မိနစ်တွင် မိုကာလူးနှင့် ၈၃ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရခိုင်ယူနိုက်တက် နောက်ခံလူ သူရက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ ပွဲကစား ၃၃ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၄ ပွဲကစား သုံးမှတ် ရရှိထားသည်။

ပွဲစဉ်(၁၄)ဒုတိယနေ့အဖြစ် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Dagon Port အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**